
မြေရှားသတ္တုဓါတန်ဖိုး

# စစ်မီးအလယ်က
# မြန်မာ့မြေရှားသတ္တုတူးဖော်မှုများ



PROMOTING LEADERSHIP AND STRENGTHENING CIVIC PARTICIPATION

ဤအစီရင်ခံစာသည် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု
(ISP-Myanmar) ၏ တရုတ်ရေးရာလေ့လာမှု (China Studies) က
လုပ်ဆောင်လျက်ရှိသော သုတေသနပြု လေ့လာချက်များထဲမှ တစိတ်တပိုင်းဖြစ်သည်။
အစီရင်ခံစာကို East West Management Institute ၏ ပံ့ပိုးမှုနှင့်
International Development Research Centre (IDRC), Ottawa, Canada ၏
ထောက်ပံ့ကြေးဖြင့် ဆောင်ရွက်ခဲ့ကာ ၂၀၂၅ ခုနှစ် ဇွန်လတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ပြီး
ဇူလိုင်လတွင် မြန်မာဘာသာဖြင့် ထုတ်ဝေပါသည်။
အစီရင်ခံစာပါ ဖော်ပြချက်များသည် IDRC သို့မဟုတ် ၎င်းအုပ်ချုပ်ရေးဘုတ်အဖွဲ့၏ အာဘော်မဟုတ်ပါ။

Institute for Strategy and Policy-Myanmar

+66 807 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.

info@ISPMyanmar.com | www.ISPMyanmar.com

# မာတိကာ


၁။ အစီရင်ခံစာ အကျဉ်းချုပ် ၅
၂။ အဓိကတွေ့ရှိချက်များ ၈
၃။ နိဒါန်း ၁၂
၄။ သုတေသနနည်းနာ ၁၆
 ၄.၁။ ဂြိုဟ်တုပုံရိပ်ဖြင့် လေ့လာဆန်းစစ်မှု ၁၆
 ၄.၂။ ကိန်းဂဏန်းအခြေပြုလေ့လာဆန်းစစ်မှု ၁၇
 ၄.၃။ အရည်အသွေးစံပြုလေ့လာဆန်းစစ်မှု ၁၈
 ၄.၄။ သုတေသနအကန့်အသတ်များ ၂၀
 ၄.၅။ မြေရှားတူးဖော်မှုဆိုင်ရာ အနာဂတ်လေ့လာမှုလမ်းညွှန် ၂၁
၅။ စစ်အာဏာသိမ်းပြီးနောက် မြေရှားတူးဖော်မှုနှင့် တရုတ်နိုင်ငံသို့ မြေရှားတင်ပို့မှုများ သိသိသာသာ မြင့်တက်လာခြင်း ၂၃
၆။ တရုတ်သို့ မြေရှားတင်သွင်းမှုတွင် မြန်မာနိုင်ငံ၏ အရေးပါမှု ၂၆
၇။ မြေရှားတူးဖော်မှုများ ချဲ့ထွင်လာခြင်းကို ဂြိုဟ်တုပုံရိပ်ဖြင့် ဆန်းစစ်လေ့လာခြင်း ၂၈
၈။ မြေရှားတူးဖော်မှုတွင် ပါဝင်နေသော အဓိကဇာတ်ကောင်များ ၃၂
၉။ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်သက်ရောက်မှုများ ၃၆
 ၉.၁။ သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်များအပေါ် ထိခိုက်သက်ရောက်မှု ၃၆
 ၉.၂။ ဒေသခံများနှင့် လုပ်သားများ ရင်ဆိုင်လာရသော ကျန်းမာရေးပြဿနာများ ၄၀
 ၉.၃။ မျိုးဆက်ပွားကျန်းမာရေးအပေါ် ထိခိုက်သက်ရောက်မှုများ ၄၂
၁၀။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ၄၃
 ၁၀.၁။ မြေရှားတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသည့် လူမှုပဋိပက္ခများ ၄၅
 ၁၀.၂။ မူးယစ်ဆေးဝါးအသုံးပြုမှုနှင့် လူမှုရေးပြဿနာများ ၄၈
၁၁။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ၅၀
၁၂။ မူဝါဒဆိုင်ရာ အကြံပြုချက်များနှင့် အကြံပြုချက်များ ၅၆
၁၃။ ကျမ်းကိုးစာရင်း ၅၉

## မြေပုံများ


မြေပုံ-၁။ ကချင်ပြည်နယ်ရှိ မြေရှားသတ္တုတူးဖော်ရေးလုပ်ကွက်များ ၁၁
မြေပုံ-၂။ ကျေးရွာအုပ်စု ၁၃ ခုအတွင်း မြေရှားလုပ်ကွက်များ တည်ရှိနေ ၁၅
မြေပုံ-၃။ အာဏာသိမ်းပြီးနောက် ကချင်ပြည်နယ်တွင် မြေရှားလုပ်ကွက်တိုးလာ ၃၀
မြေပုံ-၄။ မြေရှားသတ္တု ဖြတ်သန်းတင်ပို့ရာ နယ်စပ်ဂိတ်များ ၃၁
မြေပုံ-၅။ ဒေသတွင်းမြစ်ကြောင်းများအပေါ် မြေရှားသတ္တုလုပ်ကွက်များ၏
အန္တရာယ် ၃၇
မြေပုံ-၆။ ပန်ဝါဒေသ၏ မြေမျက်နှာသွင်ပြင် ပြောင်းလဲမှုများ ၃၈
မြေပုံ-၇။ မိုးမောက်ဒေသ၏ မြေမျက်နှာသွင်ပြင်ပြောင်းလဲမှုများ ၃၉


## ဇယားများ


ဇယား-၁။ အင်တာဗျူးနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ပါဝင်သူစာရင်း ၁၉
ဇယား-၂။ တရုတ်နိုင်ငံသို့ မြေရှားတင်ပို့မှု ငါးဆတိုးလာ ၂၃
ဇယား-၃။ တရုတ်နိုင်ငံသို့ မြေရှားတင်ပို့မှုတန်ဖိုး ၄ ဒသမ ၂ ဘီလီယံ ရှိခဲ့ ၂၄
ဇယား-၄။ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံက မြေရှားသတ္တု အများဆုံးတင်ပို့ ၂၆
ဇယား-၅။ လုပ်ကွက်များနှင့် ပျော်ရည်စုဆောင်းကန်များ တိုးချဲ့လာမှု ၂၈


## ဓာတ်ပုံ


ဓာတ်ပုံ-၁။ မြေရှားသတ္တုတူးဖော်မှု၏ သက်ရောက်မှုများအပေါ်
အသိပညာမြှင့်တင်ရေး လှုပ်ရှားမှုများ ပိတ်ပင်တားဆီးခံရ ၅၂

## ၁။ အစီရင်ခံစာ အကျဉ်းချုပ်

၂၀၁၇ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ ရှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံအတွက် မြေရှားသတ္တုကုန်ကြမ်း တင်သွင်းရာ အဓိကပြည်ပရင်းမြစ် ဖြစ်လာခဲ့ပါတယ်။ မြန်မာကနေ တင်ပို့တဲ့ မြေရှားသတ္တုတွေရဲ့ စုစုပေါင်းတန်ဖိုးဟာ အမေရိကန်ဒေါ်လာ လေး ဘီလီယံကျော် ရှိခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မြန်မာ့မြေရှားသတ္တု တင်ပို့မှုဟာ သိသိသာသာတိုးလာခဲ့ပြီး ၂၀၂၁-၂၀၂၄ ခုနှစ်အတွင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံတန်ဖိုးရှိတဲ့ မြေရှားသတ္တုတွေ တင်ပို့ခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီးကာလ ၂၀၂၁-၂၀၂၄ ခုနှစ်အတွင်း တင်ပို့မှုဟာ ၂၀၁၇-၂၀၂၄ ခုနှစ် ရှစ်နှစ်တာကာလအတွင်း မြန်မာက တရုတ်ကို တင်ပို့ခဲ့တဲ့ မြေရှားသတ္တုတန်ဖိုးရဲ့ ၈၄ ရာခိုင်နှုန်းအထိ ရှိပါတယ်။ ၂၀၂၃ ခုနှစ်ဟာ နှစ်စဉ်မြေရှားတင်ပို့မှုထဲမှာ အမြင့်ဆုံးဖြစ်ခဲ့ပြီး တင်ပို့မှုတန်ဖိုးမှာ ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ ရှိခဲ့ပါတယ်။ ဒီလိုမြင့်တက်လာရတဲ့ အဓိကအကြောင်းရင်းကတော့ ပဋိပက္ခဖြစ်ပွားနေတဲ့ ဒေသတွေမှာ သတ္တုတူးဖော်မှု တိုးချဲ့လာတာကြောင့်ပါ။ အထူးသဖြင့် ကချင် ပြည်နယ်မှာ မြေရှားသတ္တုတူးဖော်မှု ကျယ်ပြန့်လာခဲ့ပါတယ်။ စည်းကမ်းမထိန်းသိမ်းနိုင်တဲ့ တရားမဝင် သတ္တုတူးဖော်မှုတွေ သိသိသာသာ တိုးလာတာကို ဂြိုဟ်တုဓာတ်ပုံတွေကနေတဆင့်လည်း တွေ့ရပါတယ်။ ဒီလုပ်ငန်းတွေမှာ မြန်မာစစ်တပ်နဲ့ ဆက်စပ်နေတဲ့ အဖွဲ့တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ (EAOs) ပါဝင်နေပြီး သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာ ပြဿနာတွေကို ပိုမိုဆိုးရွားလာစေပါတယ်။

မြေရှားဟာ သတ္တုဒြပ်စင် ၁၇ မျိုးပါဝင်ပါတယ်။ ဒြပ်စင်တွေရဲ့ အက်တမ်အလေးချိန်ပေါ်မူတည်ပြီး ပေါ့ပါးမြေရှားဒြပ်စင် (LREE) နဲ့ လေးလံမြေရှားဒြပ်စင် (HREE) အဖြစ် အဓိကအုပ်စုနှစ်ခု ခွဲထားပါတယ်။ ပေါ့ပါးမြေရှားဒြပ်စင် (LREE) တွေကို ပိုအတွေ့ရများပြီး ဈေးကွက်တန်ဖိုးလည်း နည်းပါတယ်။ လေးလံမြေရှားဒြပ်စင် (HREE) တွေကတော့ ရှားပါးပြီး ပုံမှန်အားဖြင့် ပိုဈေးကြီးပါတယ်။ အဆင့်မြင့် တန်ဖိုးမြင့် နည်းပညာထုတ်ကုန်တွေ ထုတ်လုပ်ရာမှာ HREE တွေက မရှိမဖြစ်အရေးကြီးပါတယ်။ မြန်မာနိုင်ငံ ကချင်ပြည်နယ်မှာ HREE နှစ်မျိုးဖြစ်တဲ့ ဒစ်စပရိုဆီယမ် (Dy) နဲ့ တာဘီယမ် (Tb) တို့ကို အဓိကထုတ်ယူကြပါတယ်။ ဒီဒြပ်စင်တွေဟာ အဆင့်မြင့် နည်းပညာပစ္စည်းတွေ ထုတ်လုပ်ရာမှာ အရေးပါပါတယ်။ အထူးသဖြင့် ကာကွယ်ရေးနဲ့ စစ်ဘက်နည်းပညာတွေ၊ အာကာသပစ္စည်းတွေနဲ့ အစိမ်းရောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု နည်းပညာတွေမှာ အသုံးချပါတယ်။ မြင့်မားတဲ့ အပူချိန်ဒဏ်ကို ကြာရှည်ခံနိုင်တဲ့ အမြဲတမ်းသံလိုက်တွေ ထုတ်လုပ်ဖို့လည်း မရှိမဖြစ်လိုအပ်ပါတယ်။

▶ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ ရှစ်နှစ်တာကာလမှာ ပမာဏအားဖြင့် တရုတ်နိုင်ငံ မြေရှားဒြပ်စင်တင်သွင်းမှုရဲ့ သုံးပုံနှစ်ပုံလောက် (အများစုက HREE တွေ)က မြန်မာနိုင်ငံကနေ ထွက်ရှိတာ ဖြစ်ပါတယ်။ တရုတ်ကို မြေရှားကုန်ကြမ်းတွေ ထောက်ပံ့ရာမှာ မြန်မာရဲ့အရေးပါတဲ့ အခန်းကဏ္ဍကို ဒီအချက်က မီးမောင်းထိုးပြသနေပါတယ်။

ကချင်ပြည်နယ်အတွင်း မြေရှားသတ္တုတူးဖော်မှုတွေကို ဂြိုဟ်တုပုံရိပ်သုံးကာ ဆန်းစစ်လေ့လာကြည့်တဲ့အခါ အာဏာသိမ်းပြီးနောက်ပိုင်း မြေရှားတူးဖော်မှုတွေ သိသိသာသာ တိုးလာတာကို တွေ့ရပါတယ်။ ချီဖွေနဲ့ မိုးမောက်လို နေရာတွေမှာ သတ္တုလုပ်ကွက်တွေရဲ့အရေအတွက် သိသိသာသာများလာပါတယ်။ ချီဖွေတနေရာတည်းမှာ သတ္တုလုပ်ကွက် အရေအတွက်ဟာ အာဏာမသိမ်းမီက လုပ်ကွက် ၁၀၀ ဝန်းကျင် ရှိခဲ့ရာကနေ အာဏာသိမ်းမှုနောက်ပိုင်းမှာ လုပ်ကွက် ၃၅၇ တွက်အထိရှိလာပြီး သုံးဆဝန်းကျင် တိုးလာတာကို တွေ့ရပါတယ်။ ဓာတုပျော်ရည်ကန်နဲ့ တူးဖော်တဲ့ စုဆောင်းကန်တွေလည်း အရင်က ကန် ၁,၀၀၀ ဝန်းကျင်ရှိရာကနေ အခုအခါ ၂,၅၀၀ ကျော်အထိ ရှိလာ ပြီး ၁၅၀ ရာခိုင်နှုန်း တိုးလာတာ တွေ့ရပါတယ်။ ဒေသတခုလုံးမှာ မြေရှားသတ္တုတူးဖော်မှု ၁၉၄ ရာခိုင်နှုန်းအထိ တိုးလာပြီး ကျေးရွာအုပ်စု ၁၃ အုပ်စုနဲ့ အနည်းဆုံး ကျေးရွာ ၃၆ ရွာကို လွှမ်းခြုံထားပါတယ်။ စည်းမဲ့ကမ်းမဲ့ မြေရှားတူးဖော်မှုတွေ များပြားလာတာကြောင့် သဘာဝပတ်ဝန်းကျင် ဆိုးဆိုးရွားရွား ပျက်စီးလာရပါတယ်။ ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ဓာတုပစ္စည်းစိမ့်ဝင်မှု၊ ဒေသခံဂေဟစနစ် ပျက်စီးယိုယွင်းမှုတွေ ဖြစ်လာပါတယ်။ ဒေသခံတွေရဲ့စိုက်ပျိုးရေးလုပ်ငန်းတွေအပေါ်လည်း ထိခိုက်လာပါတယ်။ မြေဆီလွှာညစ်ညမ်းမှုကြောင့် ထွက်ရှိလာတဲ့ သီးနှံတွေကို အရင်ကလို တရုတ်နိုင်ငံကို တင်ပို့ရောင်းချလို့ မရတော့တဲ့အပြင် ရေညစ်ညမ်းမှုနဲ့ ခဲဓာတ်ညစ်ညမ်းမှုတွေကြောင့် မွေးမြူရေးလုပ်ငန်းတွေလည်း လျော့ကျလာခဲ့ရပါတယ်။

ဒီသတ္တုတူးဖော်မှုတွေကြောင့် ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာ ဆိုးကျိုးတွေကလည်း စိုးရိမ်စရာဖြစ်နေတာကို တွေ့ရပါတယ်။ အမိုနီယမ်ဆာလဖိတ် (ammonium sulphate) နဲ့ အောက်ဆလစ်အက်ဆစ် (oxalic acid) လို အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းတွေနဲ့ ထိတွေ့နေရတဲ့ အလုပ်သမားတွေဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ၊ ရေရှည်ကျန်းမာရေး ပြဿနာတွေ၊ အထူးသဖြင့် အမျိုးသမီးအလုပ်သမားတွေမှာ ကိုယ်ဝန်ပျက်ကျတာတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ချီဖွေနဲ့ မိုးမောက်လို မြေရှားတွင်းတူးတဲ့ နေရာတွေနားက ရပ်ရွာတွေက ဒေသခံတွေမှာ အရေပြားရောဂါတွေ ဖြစ်ပွားနေပြီး နွားတွေမှာ အဖုအကျိတ်တွေ တွေ့လာရပါတယ်။ သန့်ရှင်းတဲ့ရေရဖို့လည်း ခက်ခဲလာပါတယ်။ လူမှုရေး မတည်ငြိမ်မှုတွေလည်း တိုးလာသလို ▶

- သတ္တုတွင်းတွေရှိတဲ့ နေရာတွေမှာ မူးယစ်ဆေးသုံးစွဲမှု၊ လူကုန်ကူးမှုနဲ့ လိင်အကြမ်းဖက်မှုတွေ များလာပါတယ်။ ဒါ့အပြင် ဒေသခံတွေကို မြေယာရောင်းချ လွှဲပြောင်းပေးဖို့ သဘောတူညီချက်တွေ အတင်းအကျပ်လက်ခံဖို့ လက်နက်ကိုင်အဖွဲ့တွေနဲ့ သတ္တုတူးဖော်တဲ့ ကုမ္ပဏီတွေက ဖိအားပေးခဲ့ကြတာပါ။ မြေရှားသတ္တုတူးဖော်မှုနဲ့ပတ်သက်ရင် တရားဝင်စည်းမျဉ်းစည်းကမ်း မရှိတာကြောင့် သယံဇာတ လုယက်အမြတ်ထုတ်မှုနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေကို ထိန်းသိမ်းမရနိုင်လောက်အောင် ဆက်လက်ဖြစ်ပေါ်စေပြီး ဒေသခံတွေရဲ့ လူမှုနဲ့ စီးပွားရေး အကျပ်အတည်းကို ပိုပြီးနက်ရှိုင်းစေခဲ့ပါတယ်။

ကချင်ပြည်နယ်က အခြေအနေဟာ မြေရှားသတ္တုတူးဖော်မှုမှာ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေး မတည်ငြိမ်မှုတွေ မကြာခဏ ဒွန်တွဲဖြစ်ပေါ်နေတဲ့ အခြေအနေကို မီးမောင်းထိုးပြနေပါတယ်။ မြေယာရောင်းဝယ်/သိမ်းဆည်းမှုတွေမှာ ပွင့်လင်းမြင်သာမှု မရှိသလို အမြတ်ထုတ် ခေါင်းပုံဖြတ်မှုနဲ့ လူမှုဆိုးကျိုးတွေကို ဆက်လက်ဖြစ်ပေါ်နေစေပါတယ်။ ဒီလိုဆိုးကျိုးတွေကို လျှော့ချဖို့ဆိုရင် ဒေသခံရပ်ရွာတွေရဲ့ အကျိုးစီးပွားကို ဦးစားပေးစဉ်းစားဖို့လိုအပ်ပြီး ပိုမိုတင်းကျပ်တဲ့ စည်းမျဉ်းကြီးကြပ်မှုနဲ့ တာဝန်ယူတာဝန်ခံမှုရှိတဲ့ သတ္တုတူးဖော်မှုမျိုး အရေးတကြီး လိုအပ်နေပါတယ်။ ဒီပြဿနာတွေကို ဖြေရှင်းဖို့ဆိုတာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက်သာမက သဘာဝအရင်းအမြစ်တွေကို အမြတ်ထုတ်မှုကြောင့် လူမှုရေးနဲ့ နိုင်ငံရေးပဋိပက္ခတွေကို ဆက်လက်ဖြစ်ပေါ်စေပါတယ်။ ကချင်ပြည်နယ်လို ပဋိပက္ခဒဏ်ခံရတဲ့ ဒေသတွေမှာ ရေရှည်ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကို မြှင့်တင်ဖို့အတွက်လည်း မရှိမဖြစ်လိုအပ်နေပါတယ်။

## ၂။ အဓိကတွေ့ရှိချက်များ

### ■ တရုတ်သို့ မြေရှားတင်ပို့မှု သိသိသာသာ တိုးလာ

၂၀၂၁ ခုနှစ် မြန်မာစစ်တပ်အာဏာသိမ်းပြီးနောက် လေးနှစ်အတွင်း တရုတ်နိုင်ငံသို့ မြန်မာ့မြေရှားတင်ပို့မှုဟာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရှိခဲ့ပြီး ဒီတန်ဖိုးဟာ ပြီးခဲ့တဲ့ ရှစ်နှစ်အတွင်း မြန်မာ့မြေရှားတင်ပို့မှု စုစုပေါင်းရဲ့ ၈၄ ရာခိုင်နှုန်း ရှိပါတယ်။

### ■ တရုတ်သို့ မြေရှားတင်သွင်း ရောင်းချမှုတွင် မြန်မာဦးဆောင်

၂၀၁၇ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ တရုတ်နိုင်ငံရဲ့ပြည်ပမြေရှားတင်သွင်းမှုမှာ မြန်မာနိုင်ငံဟာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ရှိနေပါတယ်။ ပမာဏအားဖြင့် နှစ်စဉ် တရုတ်မြေရှားတင်သွင်းမှုရဲ့ အများစု (၆၀ ရာခိုင်နှုန်းကနေ ၈၇ ရာခိုင်နှုန်းအထိ) ဟာ မြန်မာ့မြေရှားတွေဖြစ်နေပြီး ကမ္ဘာ့မြေရှားထောက်ပံ့မှု ကွင်းဆက်အထိပါ သက်ရောက်မှုရှိနေပါတယ်။

### ■ ၂၀၂၃ ခုနှစ်တွင် မြေရှားတင်ပို့မှုတန်ဖိုး စံချိန်တင်

၂၀၂၃ ခုနှစ်မှာ မြန်မာ့မြေရှားတင်ပို့မှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ ရောက်ခဲ့ပြီး နှစ်စဉ်တင်ပို့မှုတန်ဖိုးအလိုက် စံချိန်တင် တင်ပို့ခဲ့တဲ့ နှစ်ဖြစ်ပါတယ်။

### ■ အာဏာသိမ်းမှုအလွန် လုပ်ကွက်နှင့် ပျော်ရည်စုဆောင်းကန်တိုးလာ

စစ်အာဏာသိမ်းမှုမတိုင်မီက ကချင်ပြည်နယ်မှာ မြေရှားသတ္တုလုပ်ကွက် ၁၂၆ လုပ်ကွက်ရှိရာကနေ ၂၀၂၁ ခုနှစ် ကနေ ၂၀၂၄ ခုနှစ်တွေအတွင်းမှာ လုပ်ကွက်သစ် ၂၄၅ ခု ထပ်တိုးချဲ့လာတာကို တွေ့ရပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၂၀၀ ရာခိုင်နှုန်းနီးပါး (၁၉၄ ဒသမ ၄ ရာခိုင်နှုန်း) တိုးလာတာဖြစ်ပါတယ်။

## ■ အခွန်ဘဏ္ဍာမရသော တရားမဝင် မြေရှားကုန်သွယ်မှု

မြေရှားတူးဖော်မှုတွေဟာ နိုင်ငံတော်ထိန်းချုပ်မှုနဲ့ အစိုးရရဲ့ ဘဏ္ဍာရေးကြီးကြပ်မှု အပြင်ဘက်မှာ အဓိကလည်ပတ်နေတာဖြစ်ပြီး အဲဒီတင်ပို့မှုတွေကနေ နိုင်ငံတော်အခွန်ဘဏ္ဍာ ရရှိတဲ့အထောက်အထားတွေ မတွေ့ရပါဘူး။ မြေရှားသတ္တု တူးဖော်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေဟာ ခဲ၊ သွပ်၊ သံဖြူ၊ သံမဏိနဲ့ စကျင်ကျောက်လို သတ္တုတူးဖော်ခွင့်တွေအတွက် ရရှိထားတဲ့ လိုင်စင်တွေကို ဟန်ပြအသုံးပြုပြီး စည်းကမ်းမဲ့ မြေရှားတူးဖော်နေကြတာကို သိရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွက် တရားဝင်အခွန်ဘဏ္ဍာ ရ၊ မရ မသေချာပါဘူး။

## ■ ရပ်ရွာလူထု၏ ကျန်းမာရေးကို ဆိုးရွားပြင်းထန်စွာ ထိခိုက်

မြေရှားလုပ်ကွက်တွေကြောင့် ဒေသခံတွေရဲ့ ကျန်းမာရေးထိခိုက်မှုတွေ ရှိလာပါတယ်။ အထူးသဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အရေပြားရောဂါတွေ အဖြစ်များကြပါတယ်။ မြေရှားလုပ်သားတွေဟာလည်း သတ္တုတွင်းမှာ အသုံးပြုတဲ့ အမိုနီယမ်ဆာလဖိတ်နှင့် အောက်ဆလစ်အက်ဆစ်လို ကျန်းမာရေးအတွက် အန္တရာယ်ရှိတဲ့ ဓာတုထိတွေ့မှုကြောင့် အဆုတ်ရောဂါ၊ နာတာရှည် အားယုတ်လျော့တာနဲ့ အခြား ရေရှည်ကျန်းမာရေးပြဿနာတွေ ခံစားနေကြရပါတယ်။ ချီဖွေမြို့နယ်က သတ္တုတွင်း အမျိုးသမီးအလုပ်သမားတွေမှာလည်း ကိုယ်ဝန်ပျက်ကျတဲ့ ဖြစ်စဉ်တွေ တိုးလာခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

## ■ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု အကျယ်အပြန့်ဖြစ်လာ

မြေရှားသတ္တုတူးဖော်တာတွေဟာ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေပါတယ်။ ဓာတုစွန့်ပစ်ပစ္စည်းတွေကြောင့် သောက်သုံးရေအပါအဝင် ရေအရင်းအမြစ်တွေ ညစ်ညမ်းရတယ်။ ရေအရင်းအမြစ်တွေ ညစ်ညမ်းတာကြောင့် ငါးတွေအစုအပြုံလိုက်သေဆုံးတာ၊ အိမ်မွေးတိရစ္ဆာန်တွေမှာ အကျိတ်ရောဂါဖြစ်လာတာ တွေ့ရှိနေပါတယ်။ မြေရှားသန့်စင်တဲ့ လုပ်ငန်းစဉ်တွေဟာ လေထုညစ်ညမ်းစေပြီး ဒေသသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကို သိသိသာသာ ထိခိုက်ကျဆင်းစေပါတယ်။

## ■ ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြိုလဲလာ

မြေရှားသတ္တုတူးဖော်တာတွေ တိုးချဲ့လာတာကြောင့် ဒေသခံတွေရဲ့ဘိုးဘွားပိုင်လယ်ယာမြေတွေ ဆုံးရှုံးခဲ့ရပြီး မြေဆီလွှာတွေ ဆိုးရွားစွာ ညစ်ညမ်းလာခဲ့ပါတယ်။ ဓာတုဒဏ်သင့် သီးနှံတွေကို တရုတ်နိုင်ငံက တင်သွင်းပိတ်လိုက်တာကြောင့် ဒေသခံ တောင်သူလယ်သမားတွေအဖို့ စီးပွားရေးအခက်အခဲတွေ ရင်ဆိုင်လာကြရပါတယ်။ ရေညစ်ညမ်းမှုနဲ့ ခဲဓာတ်ပါဝင်တာတွေကြောင့် မွေးမြူရေးလုပ်ငန်းတွေလည်း ပိတ်သိမ်းခဲ့ကြရပါတယ်။

## ■ အတင်းအဓမ္မ နေရပ်စွန့်ခွာစေခြင်းနှင့် လူမှုရေးတင်းမာမှုများ မြင့်တက်လာ


မြေရှားသတ္တုတူးဖော်မှုတွေ တိုးချဲ့လာတာကြောင့် ဒေသခံလူထုတွေမှာ ၎င်းတို့ရဲ့ရပ်ရွာတွေကနေ ပြောင်းရွှေ့ကြရပါတယ်။ ဒါ့အပြင် မြေယာပိုင်ဆိုင်မှုနဲ့ လျော်ကြေးငွေအတွက် အငြင်းပွားတာတွေ၊ လက်နက်ကိုင်အဖွဲ့တွေရဲ့ ဖိအားပေးတွေကိုလည်း ကြုံတွေ့ကြရပါတယ်။ မြေရှားသတ္တုတွင်းဧရိယာအနီးမှာ အလုပ်သမားတွေ မူးယစ်ဆေးသုံးစွဲမှုနဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ တိုးမြင့်လာပြီး လူမှုရေးပဋိပက္ခတွေ မြင့်မားလာပါတယ်။

## ■ ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် ရပ်ရွာလူထု ဖဲကြဉ်ခံထားရခြင်း

မြေရှားသတ္တုတူးဖော်တာနဲ့ ပတ်သက်တဲ့ မြေယာလျော်ကြေး လုပ်ငန်းစဉ်တွေဟာ များသောအားဖြင့် ပွင့်လင်းမြင်သာမှု မရှိကြပါဘူး။ ဒေသခံလူထုတွေအဖို့ သတ္တုတူးဖော်မှုရဲ့ အမြတ်အစွန်းကနေ တိုက်ရိုက်အကျိုးခံစားခွင့် မရကြပါဘူး။ အစောပိုင်းကာလမှာတုန်းက ဒေသခံရပ်ရွာလူထုတွေအတွက် သတ္တုတူးဖော်တာကနေရတဲ့ အကျိုးအမြတ်တွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ပေးမယ်ဆိုတဲ့ ပြောကြားချက်တွေရှိခဲ့ပေမဲ့ လက်တွေ့မှာ မခံစားကြရပါဘူး။ သတ္တုတူးဖော်မှု စီမံကိန်းတွေကို လူထုက ကန့်ကွက်ဟန့်တားတဲ့အခါ လက်နက်ကိုင်အဖွဲ့တွေနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေရဲ့ ခြိမ်းခြောက်ရန်ပြုတာတွေ၊ အနိုင်ကျင့်တာတွေကို ရင်ဆိုင်ကြရပါတယ်။ ရပ်ရွာလူထုရဲ့ မကျေနပ်ချက်တွေကိုလည်း များသောအားဖြင့် လျစ်လျူရှုထားကြပါတယ်။

## မြေပုံ-၁။ ။ ကချင်ပြည်နယ်ရှိ မြေရှားသတ္တုတူးဖော်ရေးလုပ်ကွက်များ

မြေရှားသတ္တုတူးဖော်မှုအတွက် အထူးပြုလေ့လာထားသော ကချင်ပြည်နယ်ရှိ မြေရှားလုပ်ကွက်များကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံမြောက်ဘက်ဆုံးတွင် တည်ရှိသော ကချင်ပြည်နယ်သည် အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေပြီး မြေရှားလုပ်ကွက် အများစုသည် တရုတ်-မြန်မာနယ်စပ်တလျှောက်တွင် စုပြုံတည်ရှိနေသည်။




**၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ** သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

## ၃။ နိဒါန်း

မြန်မာ့ပဋိပက္ခဟာ မျက်နှာစာပေါင်းစုံတပြိုင်တည်းဖြစ်နေတဲ့ ပဋိပက္ခတခုဖြစ်ပြီး နိုင်ငံတဝန်း ဗဟိုအဆင့်ကနေ လွှမ်းမိုးထိန်းချုပ်နိုင်စွမ်း နည်းပါးနေပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး သယံဇာတတွေကို စည်းကမ်းမဲ့ တူးဖော်ထုတ်ယူတာကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတွေဟာလည်း အပြိုင်ဖြစ်ပေါ်လာပါတယ်။ ဒီလိုမျိုး သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုဟာ တနိုင်ငံလုံးက လူထုတွေရဲ့ လူမှုစီးပွားဒုက္ခတွေကို ပိုပြီးဆိုးရွားစေရုံသာမက အကြမ်းဖက်မှုနဲ့ မတည်ငြိမ်မှုတွေကို ပိုမိုဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် ပဋိပက္ခနဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတို့ ရောပွမ်းနေတဲ့ အဆိုးကျော့သံသရာကို တပတ်လည်စေပါတယ်။ လက်ရှိ မြန်မာ့အခြေအနေအရ ပြင်းထန်တဲ့ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနဲ့ ပဋိပက္ခစစ်ပွဲတွေအကြားက ဆက်နွှယ်မှုဟာ ပိုမိုထင်ရှားလာနေပါတယ်။ ဥပမာအားဖြင့် ဥတုဖောက်ပြန်ပြောင်းလဲမှုနဲ့ သဘာဝအရင်းအမြစ်တွေကို အလွန်အမင်း ထုတ်ယူမှုတို့ကြောင့် ဖုန်းဆိုးမြေသဖွယ် ဖြစ်လာပါတယ်။ သယံဇာတအရင်းအမြစ်တွေ ကုန်ခန်းစေတဲ့အပြင် သဘာဝပတ်ဝန်းကျင် အလွန်အမင်း ထိခိုက်ပျက်စီးမှုတွေကို ဖြစ်ပေါ်စေတဲ့အတွက် ရပ်ရွာလူထုတွေနဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေအကြား တင်းမာမှုတွေ မကြာခဏဖြစ်ပေါ်လာစေပါတယ်။ ISP-Myanmar အနေနဲ့ မြန်မာနိုင်ငံအတွင်းက လူ့ပယောဂကြောင့် ဖြစ်ပွားရတဲ့ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနဲ့ ဥတုဖောက်ပြန်ပြောင်းလဲမှုရယ် ပဋိပက္ခစစ်ပွဲတွေရယ်အကြားက ပတ်သက်ဆက်နွှယ်မှုတွေကို အလေးပေးဖော်ပြပြီး အရေးတကြီး ဖြေရှင်းဖို့ လိုအပ်နေပြီဆိုတာကို ထောက်ပြလျက်ရှိပါတယ်။ အခုသုတေသနတွေ့ရှိချက်ဟာလည်း ဒီလို အရေးတကြီးထောက်ပြလိုတဲ့ကိစ္စတခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မြေရှားသတ္တုတူးဖော်မှုဟာ မကြာသေးမီနှစ်များအတွင်း သိသိသာသာ တိုးပွားလာခဲ့ပြီး သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ လူမှုဒုက္ခနဲ့ ပထဝီနိုင်ငံရေးတင်းမာမှုတွေကို ဖြစ်ပေါ်စေတဲ့ အဓိကအကြောင်းအချက်တခုအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။ အစိမ်းရောင်သန့်စင်စွမ်းအင်အဖြစ် ကူးပြောင်းရေးမှာ မရှိမဖြစ်လိုအပ်တဲ့ မြေရှားသတ္တုအရင်း အမြစ်တွေရဲ့ အရေးပါမှုဟာ ထိပ်တန်း ရောက်လာပါတယ်။ ဒီသတ္တုတွေကို ကမ္ဘာအနှံ့ ဖြန့်ဖြူးပေးတဲ့ ထောက်ပံ့ရေးကွင်းဆက်မှာ မြန်မာနိုင်ငံက မြေရှားတွေလည်း ပါဝင်နေပါတယ်။ အထူးသဖြင့် စစ်ပွဲပဋိပက္ခဒဏ်ခံရတဲ့ဒေသတွေဟာ အခုလို တူးဖော်မှုတွေရဲ့ အဓိကပစ်မှတ်ဖြစ်လာပါတယ်။ လျော့ရဲတဲ့ စီမံမှုတွေကြောင့် မြေရှားသတ္တုကို စည်းကမ်းမဲ့ တူးဖော်နေကြတာတွေဟာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေကို ပိုဆိုးလာစေပါတယ်။ ဒေသခံ ဂေဟာစနစ်တွေ

နဲ့ ရပ်ရွာအသိုက်အဝန်းတွေကို ဆိုးဆိုးရွားရွား ဖျက်ဆီးနေပါတယ်။ တချိန်တည်းမှာပဲ မြေရှားသတ္တုလုပ်ကွက်တွေ ထိန်းချုပ်နိုင်ဖို့ ဦးတည်တဲ့ စစ်ပွဲနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့်လည်း သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေး မတည်ငြိမ်မှု၊ မရေရာမှုတွေကို ပိုပြီး ဆိုးရွားစေပါတယ်။


ဒီအခြေအနေတွေက တရုတ်နိုင်ငံရဲ့ ပထဝီနိုင်ငံရေးနဲ့ ပထဝီစီးပွားရေးဆိုင်ရာ အကျိုးစီးပွားတွေအတွက် မြန်မာနိုင်ငံရဲ့ မြေရှားဒြပ်စင်တွေရဲ့ မဟာဗျူဟာအရ အရေးပါမှုကို မြင့်တက်စေပါတယ်။ သတ္တု ၁၇ မျိုးပါဝင်တဲ့ မြေရှားဒြပ်စင်တွေ (REEs) ဟာ နည်းပညာမြင့် ထုတ်လုပ်အသုံးပြုမှု အမျိုးမျိုးမှာ မရှိမဖြစ်လိုအပ်ပါတယ်။ ISP-Myanmar ရဲ့ သုတေသနအရ အထူးသဖြင့် ကချင်ပြည်နယ်မှာ အဓိကထုတ်ယူတဲ့ လေးလံမြေရှားဒြပ်စင် နှစ်မျိုးဖြစ်တဲ့ ဒစ်စပရိုဆီယမ် (Dysprosium - Dy) နဲ့ တာဘီယမ် (Terbium - Tb) တို့ဟာ မဟာဗျူဟာအရ တန်ဖိုးမြင့်မားတယ်လို့ သိရှိရပါတယ်။ ဒီဒြပ်စင်နှစ်မျိုးစလုံးကို လျှပ်စစ်ကားတွေ (EVs)၊ အဆင့်မြင့်ကာကွယ်ရေးစနစ်တွေနဲ့ ပြည့်ဖြိုးမြဲစွမ်းအင် အခြေခံအဆောက်အအုံတွေလို နည်းပညာတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ စွမ်းဆောင်ရည်မြင့် တာရှည်ခံသံလိုက်တွေ ထုတ်လုပ်ရာမှာ အသုံးပြုပါတယ်။ ဒီလို အဓိကကျတဲ့ အခန်းကဏ္ဍကြောင့် အရေးပါတဲ့ ဗျူဟာမြောက်သတ္တုဓာတ်တွေ (critical minerals) အဖြစ် သတ်မှတ်ထားကြတာ ဖြစ်ပါတယ်။

ဒီနည်းပညာတွေအတွက် ကမ္ဘာ့လိုအပ်ချက် တိုးလာတာနဲ့အမျှ မြေရှားသတ္တုတွေကို ထုတ်လုပ်ရယူရေးနဲ့ ပံ့ပိုးရေးကွင်းဆက်ကို ထိန်းချုပ်နိုင်ရေးဟာ နည်းပညာနဲ့ စက်မှုလုပ်ငန်းဆိုင်ရာ ရည်မှန်းချက် မြင့်မားတဲ့ နိုင်ငံတွေအတွက် ဗဟိုချက်မပြဿနာ ဖြစ်လာပါတယ်။ တရုတ်နိုင်ငံအတွက်ကတော့ မြန်မာ့မြေရှားတွေဟာ အရေးပါတဲ့ သတ္တုအရင်းအမြစ် ဖြစ်တဲ့အပြင် မဟာဗျူဟာအရ အရေးပါတဲ့ ပိုင်ဆိုင်မှုလည်း ဖြစ်ပါတယ်။ မြေရှားဒြပ်စင်တွေကို ပထဝီနိုင်ငံရေးအရ ဩဇာလွှမ်းမိုးနိုင်မယ့် လက်နက်တခုအဖြစ် ပိုမိုအသုံးချလာကြပါတယ်။ အထူးသဖြင့် အင်အားကြီးနိုင်ငံတွေအကြား ပြိုင်ဆိုင်မှု ပြင်းထန်လာတဲ့အခါ နိုင်ငံတကာဈေးကွက်နဲ့ ညှိနှိုင်းမှုတွေမှာ အသာစီးရစေဖို့ တရုတ်က အသုံးပြုလာပါတယ်။ တရုတ်နိုင်ငံအနေနဲ့ မြန်မာ့မြေရှား အရင်းအမြစ်တွေကို ဆက်လက်အားထားနေရတာကြောင့် တရုတ်ရဲ့ သယံဇာတ အရင်းအမြစ်လုံခြုံရေးဗျူဟာမှာ မြန်မာ့အခန်းကဏ္ဍကို ပေါ်လွင်လာစေပြီး ဒေသတွင်းဩဇာအာဏာ အလှူပ်အခတ်တွေအပေါ် မြေရှားရဲ့ လွှမ်းမိုးနိုင်စွမ်းကိုလည်း သိသာစေပါတယ်။

မြေရှားသတ္တု တူးဖော်ထုတ်လုပ်ရာ ကချင်ပြည်နယ်ဟာ လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံရဲ့ လွှမ်းမိုးမှု ကြီးမားပြီး စီးပွားရေးအကျိုးစီးပွားတွေလည်း ရောယှက်နေပါတယ်။ ဒီနေရာတွေကို နယ်ခြားစောင့်တပ်ဖွဲ့ (BGF)၊ ပြည်သူ့စစ်တပ်ဖွဲ့နဲ့ မြန်မာစစ်တပ်ရဲ့ မဟာမိတ်ဖြစ်တဲ့ ကချင်ဒီမိုကရေစီသစ်တပ်မတော် (NDA-K) တို့က ယခင်က ထိန်းချုပ်ထားခဲ့ပါတယ်။ ဒါပေမဲ့ အာဏာသိမ်းပြီးနောက်မှာ ကချင်လွတ်လပ်ရေးအဖွဲ့/ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA) ဟာ မြေရှားသတ္တုတူးဖော်မှု လုပ်ငန်းတွေမှာ ပိုမိုပါဝင်လာခဲ့ပါတယ်။ မြေရှားသတ္တုတူးဖော်မှုတွေကို ဆန့်ကျင်တဲ့ ဒေသခံရပ်ရွာလူထုတွေဟာ လက်နက်ကိုင်အဖွဲ့တွေရဲ့ ဖမ်းဆီးမှု၊ ခြိမ်းခြောက်မှုတွေကို ဆက်တိုက်ကြုံလာကြရပါတယ်။ မြေရှားသတ္တုတူးဖော်မှုတွေ ဆက်လက်လုပ်ဆောင်နေတာကြောင့် ဒေသခံလူထုတွေနဲ့ KIA အကြား ပဋိပက္ခတွေ ဖြစ်ပွားလာခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလကစပြီး ကချင်ပြည်နယ်အတွင်း မြေရှားသတ္တု အဓိကထုတ်လုပ်ရာ နေရာတွေဖြစ်တဲ့ ပန်ဝါမြို့နဲ့ ချီဖွေမြို့တို့ကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) က ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အကျိုးဆက်အဖြစ် KIA ဟာ ဒီနေရာတွေက မြေရှားသတ္တုတူးဖော်မှုတွေကို အပြည့်အဝ ထိန်းချုပ်လာခဲ့ပါတယ်။ နယ်မြေထိန်းချုပ်သူ အပြောင်းအလဲကြောင့် မြေရှားသတ္တုတူးဖော်မှုတွေကို ဆန့်ကျင်တဲ့ ဒေသခံရပ်ရွာလူထုတွေနဲ့ KIA အကြား တင်းမာမှုတွေ မြင့်တက်လာစေခဲ့ပါတယ်။ ဒေသခံလူထုတွေရဲ့ ပြောဆိုချက်အရ မြေရှားသတ္တုတူးဖော်မှုတွေကို ဆန့်ကျင်တဲ့ အရပ်သားတွေဟာ လက်နက်ကိုင်အဖွဲ့တွေရဲ့ ဖမ်းဆီးမှုနဲ့ ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။ KIA က ဒီလုပ်ငန်းတွေကို အပြည့်အဝ ထိန်းချုပ်ထားနိုင်လာတဲ့နောက်မှာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနဲ့ ဒေသခံလူထုတွေရဲ့ ဆန့်ကျင်မှုတွေလည်း ဆက်လက်ဖြစ်ပေါ်ဖွယ် ရှိပါတယ်။

## မြေပုံ-၂။ ။ ကျေးရွာအုပ်စု ၁၃ ခုအတွင်း မြေရှားလုပ်ကွက်များ တည်ရှိနေ

မြေရှားလုပ်ကွက်များသည် ကချင်ပြည်နယ် ချီဖွေနှင့် မိုးမောက်မြို့နယ်တို့အတွင်းရှိ **ကျေးရွာအုပ်စု ၁၃ ခု (ကျေးရွာ ၃၆ ရွာ)** တွင် တည်ရှိနေသည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပန်ဝါဒေသကို ကချင်ဒီမိုကရေစီသစ်တပ်မတော် (NDA-K)ထံကနေ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)က သိမ်းပိုက်ပြီးနောက် မြေရှားလုပ်ကွက်များမှာ KIA တပ်မဟာ-၇ ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့သည်။




**၂၀၂၅ ခုနှစ် မေလ ၂၈ ရက်**အထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

## ၄။ သုတေသနနည်းနာ

ISP-Myanmar အနေနဲ့ ကချင်ပြည်နယ်က မြေရှားသတ္တုတူးဖော်မှုတွေကို လေ့လာသုံးသပ်နိုင်ဖို့ ဂြိုဟ်တုပုံရိပ်အသုံးပြု လေ့လာမှု၊ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်တွေနဲ့ အရည်အသွေးဆိုင်ရာ သုတေသနနည်းနာတွေကို ပေါင်းစပ်ထားတဲ့ ရောထွေးနည်းစနစ်စုံ (mixed-methods approach) ကို အသုံးပြုခဲ့ပါတယ်။ ဒီချဉ်းကပ်နည်းကို အသုံးပြုရတာကတော့ ဒေသခံလူထုတွေအပေါ် မြေရှားတူးဖော်မှု၊ ရောင်းချမှု၊ မြေရှားသတ္တု စီမံအုပ်ချုပ်မှုတွေရဲ့ ဆိုးကျိုးသက်ရောက်မှုတွေကို ရှုထောင့်ပေါင်းစုံက နားလည်ရာမှာ အထောက်အပံ့ဖြစ်စေဖို့ ဖြစ်ပါတယ်။ ISP-Myanmar က အသုံးပြုခဲ့တဲ့ သုတေသန နည်းနာအသေးစိတ်ကို အောက်မှာဖော်ပြထားပါတယ်။

### ၄.၁။ ဂြိုဟ်တုပုံရိပ်ဖြင့် လေ့လာဆန်းစစ်မှု

ISP-Myanmar အနေနဲ့ သတ္တုတူးဖော်မှုတွေကို မြေပုံရေးဆွဲပြီး စောင့်ကြည့်ဖို့ အဝေးကစူးစမ်းလေ့လာခြင်း (remote sensing) နည်းပညာနဲ့ ပထဝီဝင်အချက်အလက်စနစ် (GIS)တို့ကို အသုံးပြုတဲ့ ဂြိုဟ်တုပုံရိပ်အခြေပြု လေ့လာဆန်းစစ်မှုကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီအထဲမှာ လက်ရှိလုပ်ငန်းလည်ပတ်နေတဲ့ မြေရှားလုပ်ကွက်တွေကို ရှာဖွေတာ၊ သတ္တုလုပ်ကွက်နေရာနဲ့ အရေအတွက်ကို မှတ်တမ်းတင်တာနဲ့ သတ္တုတွင်း လုပ်ကွက်တခုချင်းစီမှာရှိတဲ့ သတ္တုပျော်ရည်ကန်အရေအတွက်ကို မှတ်တမ်းတင်တာတွေ ပါဝင်ပါတယ်။ ၂၀၁၃ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ ကချင်ပြည်နယ်တလျှောက် အချိန်နဲ့အမျှ မြေရှားသတ္တုတူးဖော်မှုတွေရဲ့ပြောင်းလဲမှုတွေကို ခြေရာခံဖို့ Google Earth ရဲ့ ဂြိုဟ်တုပုံရိပ်တွေကို အသုံးပြုခဲ့ပါတယ်။ သတ္တုပျော်ရည်ကန် တခု ဒါမှမဟုတ် တခုထက်မနည်း ရှိနေတဲ့ အစုအဝေးတခုကို မြေရှားလုပ်ကွက်တခုအဖြစ် သတ်မှတ်ပါတယ်။

ဒီလေ့လာဆန်းစစ်မှုမှာ Google ဂြိုဟ်တုပုံရိပ်တွေကို အသုံးပြုတဲ့အခါ ကန့်သတ်ချက်တွေရှိတာကို သတိပြုစေလိုပါတယ်။ Google Earth နဲ့ Google Maps ဟာ မကြာခဏဆိုသလို အချိန်ကြာရှည်အတွင်း ဂြိုဟ်တု ဖြတ်သန်းမှုများစွာကနေ ထုတ်လုပ်ထားတဲ့ ပေါင်းစပ်ပုံရိပ်တွေ ဖြစ်ပါတယ်။ ဒီနည်းလမ်းကို အဓိကအားဖြင့် တိမ်ထူထပ်မှု လျှော့ချဖို့နဲ့ မိုးတိမ်ထူထပ်တတ်တဲ့ ဒေသတွေမှာ ပုံရိပ်ရဲ့ကြည်လင်ပြတ်သားမှုကို မြှင့်တင်ဖို့ အသုံးပြုပါတယ်။ ဒါပေမဲ့ ဒီလုပ်ငန်းစဉ်ကြောင့် ပုံရိပ်တွေဟာ အချိန်ကာလတခုအတွက် သီးသီးသန့်သန့် ရိုက်ယူထား

တာ မဟုတ်တဲ့အတွက် နေရာနဲ့ အချိန်ဆိုင်ရာ စောင့်ကြည့်လေ့လာမှုတွေရဲ့ တိကျမှုအပေါ် သက်ရောက်မှု ရှိနိုင်ပါတယ်။ ဒါကြောင့် ပုံရိပ်ထဲမှာ မြင်ရတဲ့ တချို့အရာတွေဟာ သက်ဆိုင်ရာ ကာလတခု သို့မဟုတ် နေ့ရက်တရက်အတွင်း ဖြစ်ပွားနေတဲ့ မြေပြင်ပေါ်က တကယ့် အခြေအနေတွေကို ထင်ဟပ်ပြနိုင်ဖို့ ကန့်သတ်ချက်တွေ ရှိနိုင်ပါတယ်။ ဒါကြောင့် Google ဂြိုဟ်တုပုံရိပ်တွေကို အခြေခံတဲ့ တွေ့ရှိချက်တွေကို အသုံးပြုတဲ့အခါ ဒီကန့်သတ်ချက်တွေ ကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

## ၄.၂။ ကိန်းဂဏန်းအခြေပြု လေ့လာဆန်းစစ်မှု

အခုသုတေသနစာတမ်းအတွက် ကိန်းဂဏန်းအခြေပြုလေ့လာဆန်းစစ်မှုကို ပြုလုပ်ရာမှာ မြေရှားဒြပ်စင်တွေ (REEs) ရဲ့ ထုတ်လုပ်မှုနဲ့ ကုန်သွယ်စီးဆင်းမှု ပမာဏတွေကို အာရုံစိုက် ပြီး မြန်မာကနေ တရုတ်ကို မြေရှားတင်ပို့တဲ့ ပမာဏနဲ့ တန်ဖိုးကို လေ့လာခဲ့ပါတယ်။ ဒီ ကိန်းဂဏန်းတွေကို ကမ္ဘာ့ကုန်သွယ်မှုပုံစံတွေ၊ အထူးသဖြင့် တရုတ်ရဲ့ မြေရှားတင်သွင်းမှု စုစုပေါင်းနဲ့ နှိုင်းယှဉ်ခဲ့ပါတယ်။ တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) ကရတဲ့ အချက်အလက်တွေကို ဆန်းစစ်ခဲ့ပြီး မြန်မာ့မြေရှားတင်ပို့မှုရဲ့ လားရာပုံစံ တွေနဲ့ ကွဲလွဲချက်တွေကို ရှာဖွေခဲ့ပါတယ်။

အခု သုတေသနမှာ ကချင်ပြည်နယ်အတွင်း မြေရှားထွက်ရှိရာ ချီဖွေနဲ့ မိုးမောက် မြို့နယ်နှစ် ခုကို အထူးပြု လေ့လာခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီးကတည်းက ဒီနေရာတွေမှာ မြေရှား သတ္တုလုပ်ကွက်တွေနဲ့ သတ္တုပျော်ရည်ကန်တွေ အဆမျှားစွာ တိုးလာခဲ့လို့ ဖြစ်ပါတယ်။ ချီဖွေမြို့နယ်မှာ လူဦးရေရဲ့ ၉၈ ရာခိုင်နှုန်းက ကချင်လူမျိုးတွေဖြစ်ပြီး လူဦးရေ ၂၁,၄၅၀ ခန့် ဟာ ကျေးရွာအုပ်စု ၄၂ ခုနဲ့ ဖွဲ့စည်းထားတဲ့ ကျေးရွာ ၁၁၈ ရွာမှာ နေကြပါတယ်။ လူဦးရေရဲ့ ၈၆ ရာခိုင်နှုန်းနီးပါးဟာ ကျေးလက်မှာ နေထိုင်ကြပြီး အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးကို လုပ်ကိုင်ကြပါတယ်။ ကော်ဖီ၊ လက်ဖက်၊ အာလူး၊ သစ်ကြားသီးနဲ့ စီချွမ်ငရုတ် ကောင်းလို သီးနှံတွေထွက်ရှိတဲ့ စိုက်ပျိုးလယ်ယာမြေ ၈,၂၈၈ ဧက ရှိပါတယ်။ ISP-Myanmar ရဲ့ တွေ့ရှိချက်တွေအရ သတ္တုတူးဖော်မှုတွေရှိတဲ့ ကျေးရွာအုပ်စု ရှစ်ခုရှိပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ဒီကျေးရွာအုပ်စုတွေမှာ အနည်းဆုံး လူ ၅,၀၀၀ ခန့် နေထိုင်ပါတယ်။

မိုးမောက်မြို့နယ်ရဲ့လူထုကတော့ လူမျိုးစုတစုတည်းသာမကဘဲ အခြားလူမျိုးစုတွေလည်း ရောယှက်နေထိုင်ကြပါတယ်။ ၅၂ ရာခိုင်နှုန်းက ရှမ်းလူမျိုးဖြစ်ပြီး ၄၁ ရာခိုင်နှုန်းက ကချင်

လူမျိုးတွေ ဖြစ်ပါတယ်။ ကျေးရွာအုပ်စု ၅၃ ခုနဲ့ ဖွဲ့စည်းထားတဲ့ ကျေးရွာ ၂၇၃ ရွာ ပါဝင်ပြီး ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့အချက်အလက်များအရ လူဦးရေ ၈၅,၇၇၂ ဦး ရှိပါတယ်။ ဒီထဲက ၇၈ ရာခိုင်နှုန်းက ကျေးလက်ဒေသတွေမှာ နေကြပါတယ်။ စိုက်ပျိုးရေးက အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ကော်ဖီ၊ ပြောင်း၊ ငှက်ပျော၊ ဆန်၊ ကြံနဲ့ ရာဘာတွေ စိုက်ပျိုးကြကာ စိုက်ပျိုးလယ်ယာမြေ ၄၄,၃၇၁ ဧက ရှိပါတယ်။ ISP-Myanmar ရဲ့ တွေ့ရှိချက်တွေအရ သတ္တုတူးဖော်မှုတွေရှိတဲ့ ကျေးရွာအုပ်စု ငါးခုရှိပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ဒီကျေးရွာအုပ်စုတွေမှာ အနည်းဆုံး လူ ၁,၂၀၀ ခန့် နေထိုင်ပါတယ်။

## ၄.၃။ အရည်အသွေးစံပြု လေ့လာဆန်းစစ်မှု

အရည်အသွေးစံပြုလေ့လာဆန်းစစ်မှုဟာ မြေရှားတူးဖော်မှုရဲ့ လူမှုစီးပွား၊ နိုင်ငံရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုတွေအပေါ် လေ့လာထားပါတယ်။ မြေရှားသတ္တုတူးဖော်ရာမှာ အဖွဲ့အစည်းတွေရဲ့ ပါဝင်ပတ်သက်မှု၊ ထိန်းချုပ်မှု၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအပေါ် သက်ရောက်မှုနဲ့ ဒေသလုံခြုံရေးစိုးရိမ်မှုတွေကို သိရှိဖို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ (EAOs) နဲ့ အင်တာဗျူးမေးမြန်းမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ လူမှုရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုတွေ၊ အထူးသဖြင့် လူ့အခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေနဲ့ပတ်သက်ပြီး ပိုပြီးအသေးစိတ် နားလည်နိုင်ဖို့ မြေပြင်မှာ လှုပ်ရှားနေတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ (CSOs) နဲ့ မေးမြန်းဆွေးနွေးခဲ့ပါတယ်။ အသက်မွေးဝမ်းကျောင်းမှု၊ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် လက်တွေ့ထိခိုက်သက်ရောက်မှုတွေကို ပိုမိုသိရှိနိုင်ဖို့ ဒေသခံလူထုတွေကိုလည်း မေးမြန်းခဲ့ပါတယ်။

ဒါ့အပြင် ဒေသခံသတ္တုတူးဖော်မှုတွေဟာ ဒေသဆိုင်ရာ အုပ်ချုပ်ရေး၊ အရင်းအမြစ်ခွဲဝေမှုနဲ့ ရပ်ရွာအသိုက်အဝန်းကို ဘယ်လိုထိခိုက်နေသလဲဆိုတာတွေနဲ့ပတ်သက်ပြီး ရပ်ရွာခေါင်းဆောင်တွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူတွေက ပြောပြခဲ့ပါတယ်။ ဒေသတွင်း မြေရှားတူးဖော်မှုနဲ့ပတ်သက်ပြီး သုတေသနပြုခဲ့ဖူးတဲ့ သုတေသီတွေဆီကလည်း သုတေသန အကူအညီတွေရရှိခဲ့ပြီး အခုလေ့လာချက်အတွက် နောက်ခံအချက်အလက်တွေကို ပိုမိုပြည့်စုံစေခဲ့ပါတယ်။ ဒီအရည်အသွေးစံပြုသုတေသနဟာ ကိန်းဂဏန်းအခြေပြုလေ့လာဆန်းစစ်ချက်က ရရှိတဲ့အချက်အလက်တွေရဲ့အကြောင်းကို ပိုမိုနားလည်လာစေပြီး ကချင်ပြည်နယ်အတွင်း မြေရှားတူးဖော်မှုရဲ့ ပိုမိုကျယ်ပြန့်တဲ့ လူမှုနိုင်ငံရေးနဲ့ လူသားဆိုင်ရာ ရှုထောင့်တွေကို အလုံးစုံမြင်နိုင်ဖို့အတွက် အထောက်အပံ့ ပေးခဲ့ပါတယ်။

**ဇယား-၁။** ။ အင်တာဗျူးနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ပါဝင်သူစာရင်း

| စဉ် | ကျား/မ | ပါဝင်သူအမျိုးအစား | စဉ် | ကျား/မ | ပါဝင်သူအမျိုးအစား |
|---|---|---|---|---|---|
| ၁ | ကျား | သတင်းထောက် | ၁၀ | မ | CSO အဖွဲ့ဝင် |
| ၂ | ကျား | CSO အဖွဲ့ဝင် | ၁၁ | မ | CSO အဖွဲ့ဝင် |
| ၃ | မ | CSO အဖွဲ့ဝင် | ၁၂ | မ | CSO အဖွဲ့ဝင် |
| ၄ | မ | CSO အဖွဲ့ဝင် | ၁၃ | ကျား | CSO အဖွဲ့ဝင် |
| ၅ | မ | CSO အဖွဲ့ဝင် | ၁၄ | ကျား | CSO အဖွဲ့ဝင် |
| ၆ | မ | ချီဖွေမြို့နယ်ဒေသခံ | ၁၅ | ကျား | CSO အဖွဲ့ဝင် |
| ၇ | မ | ချီဖွေမြို့နယ်ဒေသခံ | ၁၆ | ကျား | KIO/KIA အဖွဲ့ဝင် |
| ၈ | ကျား | မိုးမောက်မြို့နယ်ဒေသခံ | ၁၇ | ကျား | သုတေသီ |
| ၉ | မ | မိုးမောက်မြို့နယ် တက်ကြွလှုပ်ရှားသူ | ၁၈ | ကျား | သုတေသီ |

အင်တာဗျူးနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ပါဝင်သူများမှာ ကချင်ပြည်နယ်ရှိ ဒေသခံသတင်းထောက်၊ သုတေသီ၊ အရပ်ဘက်အဖွဲ့အစည်း (CSO) အဖွဲ့ဝင်၊ KIO/KIA အဖွဲ့ဝင် နှင့် အရပ်သားများ ဖြစ်ကြသည်။

ISP-Myanmar အနေနဲ့ အုပ်စုဖွဲ့ဆွေးနွေးမှု (FGD) တွေကတဆင့် ဒေသခံတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ (CSOs) နဲ့ လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်တွေ အပါအဝင် သုတေသနအတွက် အရေးပါတဲ့ လူပုဂ္ဂိုလ် ၁၈ ဦးကို တွေ့ဆုံမေးမြန်းခဲ့တယ် (ဇယား-၁ ကို ကြည့်ပါ)။

ဒီသုတေသနစာတမ်းမှာ ဂြိုဟ်တုပုံရိပ်အခြေပြု မြေပုံရေးဆွဲခြင်း၊ စီးပွားရေးဆိုင်ရာ အချက်အလက်တွေ လေ့လာဆန်းစစ်ခြင်းနဲ့ ဒေသခံတွေရဲ့ အမြင်တွေကို ပေါင်းစပ်ထားတဲ့ သုတေသနမူဘောင်ကို အခြေခံပြီး ကချင်ပြည်နယ်တွင်း မြေရှားတူးဖော်မှု အခြေအနေတွေကို လေ့လာဆန်းစစ်ထားပါတယ်။ ၂၀၁၃ ခုနှစ်ကနေ ၂၀၂၄ ခုနှစ် အတွင်း သတ္တုတွင်းတွေ တိုးချဲ့လာတာကို ခြေရာခံဖို့ ဂြိုဟ်တုပုံရိပ်တွေကို အသုံးပြုခဲ့ပါတယ်။ တရုတ်နိုင်ငံကို မြန်မာ့မြေရှားတင်ပို့မှု ပမာဏ၊ တန်ဖိုးနဲ့ ကုန်သွယ်မှု အနေအထားတွေကို လေ့လာဆန်းစစ်ထားတာတွေ ပါဝင်ပါတယ်။ ဒါ့အပြင် မြေရှားတူးဖော်မှုလုပ်ငန်းကြောင့် လူမှုနိုင်ငံရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်သက်ရောက်မှုတွေကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ဒေသခံရပ်ရွာလူထုတွေလို အဓိကကျတဲ့ ပါဝင်သူတွေနဲ့

တွေ့ဆုံမေးမြန်းမှုတွေကတဆင့် လေ့လာခဲ့ပါတယ်။ ဒီလိုနည်းနာတွေကို စုပေါင်းပြီး မြေရှားတူးဖော်မှုဟာ စစ်ပွဲပဋိပက္ခ၊ အုပ်ချုပ်ရေးနဲ့ ဒေသတွင်း ဩဇာချိန်ခွင်လျှာအရွေ့တွေနဲ့ ဘယ်လိုဆက်စပ်နေသလဲ ဆိုတာကို သေသေချာချာ နားလည်နိုင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။

## ၄.၄။ သုတေသနအကန့်အသတ်များ

ဒီလေ့လာမှုအတွက် ကြီးမားတဲ့ အကန့်အသတ်တချို့ ရှိခဲ့ပါတယ်။ အထူးသဖြင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ သုတေသနပြုလုပ်ရာမှာ သတ္တုတွင်းတွေကို လူကိုယ်တိုင် ကွင်းဆင်းလေ့လာဖို့ ခက်ခဲခြင်းပါပဲ။ ဒီဧရိယာအတွင်းကို ဝင်ရောက်ခွင့် မရခဲ့ပါဘူး။

**လုံခြုံရေးအန္တရာယ်၊ ဝင်ရောက်ခွင့် ကန့်သတ်မှုနှင့် ဆက်သွယ်ရေး အခက်အခဲ** - အဓိကအတားအဆီးတခုကတော့ လက်နက်ကိုင်အဖွဲ့တွေ ရှိနေတာကြောင့် လုံခြုံရေးအန္တရာယ် သိသိသာသာ မြင့်မားတာပဲ ဖြစ်ပါတယ်။ မြေရှားသတ္တုတွင်းတွေကို ကွင်းဆင်းလေ့လာဖို့ ဝင်ရောက်ခွင့် မရခဲ့ပါဘူး။ ဒါကြောင့် ဒေသခံတွေကိုပဲ ဆက်သွယ်မေးမြန်းနိုင်ခဲ့ပါတယ်။ ဒီလိုမေးမြန်းရာမှာလည်း ဒေသခံအများစုဟာ ဒီလိုထုတ်ဖော်ပြောဆိုဆွေးနွေးတာတွေရဲ့နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်တဲ့ အရေးယူခံရတာတွေ၊ လက်တုံ့ပြန်မှုတွေကို စိုးရိမ်တာကြောင့် ISP-Myanmar က တွေ့ဆုံမေးမြန်းတဲ့အခါ ပါဝင်ဖို့ တွန့်ဆုတ်နေခဲ့ပါတယ်။ ဒါကြောင့် ဒီစာတမ်းအတွက် သုတေသနမှာပါဝင်ဖို့ ပြောရဲဆိုရဲရှိသူ ဒေသခံတချို့ကသာ သဘောတူခဲ့ပါတယ်။ ဒေသခံတွေရဲ့ လုံခြုံရေးကို မထိခိုက်စေဖို့အတွက် အင်တာဗျူးမေးမြန်းမှုတွေကို ဘေးကင်းအောင် အထူးသတိထား လုပ်ဆောင်ခဲ့ရပါတယ်။ ကချင်ပြည်နယ်အတွင်း အင်တာနက်နဲ့ ဖုန်းလိုင်းတွေ ဖြတ်တောက် ပိတ်ခံထားရတာကြောင့် စာတမ်းအတွက် ဒေသခံလူထုရဲ့ အသံကိုမေးမြန်းရာမှာ အခက်အခဲ ရှိခဲ့ပါတယ်။ တရုတ်ဖုန်းကွန်ရက်ကို အသုံးပြုနိုင်တဲ့ ဒေသခံတွေကိုသာ အင်တာဗျူးမေးမြန်းခဲ့ရပါတယ်။

**ကွင်းဆင်းလေ့လာမှုနှင့် အခြားလေ့လာမှု အကန့်အသတ်များ** - မြေရှားလုပ်ကွက်တွေမှာ တိုက်ရိုက်ကွင်းဆင်း သုတေသနလုပ်ဖို့ လုံခြုံရေးနဲ့ ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ချက်တွေ ရှိနေပါတယ်။ မြေရှားလုပ်ကွက်တွေရှိတဲ့ ဒေသက ဒေသခံလူထုတချို့ကို ဆက်သွယ်လို့ရခဲ့ပေမဲ့ မြေရှားလုပ်ကွက်တွေဆီ ကွင်းဆင်းလေ့လာတာ၊ မြေပြင်မှာ အသေးစိတ် တွေ့ဆုံမေးမြန်းတာတွေ မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ ဒီအကန့်အသတ်တွေကြောင့် အခုသုတေသနတွေ့ရှိချက်တွေရဲ့ လေးနက်မှုနဲ့ တိကျမှုအပေါ် သက်ရောက်မှု ရှိကောင်းရှိနိုင်ပါတယ်။

နည်းပညာ၊ ဒေတာအချက်အလက်နှင့် ကျန်းမာရေးအကဲဖြတ်မှု အကန့်အသတ်များ - ကွင်းဆင်းမေးမြန်းဖို့ မဖြစ်နိုင်တာကြောင့် မြေရှားတူးဖော်နေတဲ့ ဧရိယာတွေအပေါ် လေ့လာဖို့အတွက် Google Earth နဲ့ Google Maps ကို အသုံးပြုခဲ့ရပါတယ်။ ဒါပေမဲ့ ဒီပလက်ဖောင်းတွေမှာလည်း တည်နေရာအတိအကျ ဖော်ပြနိုင်ဖို့အတွက် အကန့်အသတ်တွေ ရှိနေပါတယ်။ အထူးသဖြင့် စစ်ပွဲပဋိပက္ခဒဏ်ခံရတဲ့ ဒေသတွေ၊ ဝေးလံခေါင်သီတဲ့ ဒေသတွေမှာ နောက်ဆုံးပေါ်ပုံရိပ်တွေကို အချိန်နဲ့တပြေးညီ ရရှိနိုင်ဖို့ ခက်ခဲပါတယ်။ ဒါကြောင့် ထွက်ပေါ်လာတဲ့ မြေပုံတွေဟာ တူးဖော်မှုတွေရဲ့ လက်ရှိမြေပြင် အခြေအနေကို အပြည့်အဝဖော်ပြနိုင်ခြင်း မရှိတာမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါ့အပြင် ဒီလေ့လာမှုမှာ ဒေသခံတွေရဲ့ ကျန်းမာရေးထိခိုက်မှုကို အပြည့်အဝ အကဲဖြတ်ဖို့အတွက် နည်းပညာဆိုင်ရာ အကန့်အသတ်တွေလည်း ရှိခဲ့ပါတယ်။ စနစ်ကျတဲ့ ကျန်းမာရေးအချက်အလက်နဲ့ သိပ္ပံနည်းကျလေ့လာမှုတွေ မရှိတာ၊ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုနဲ့ စနစ်တကျ မှတ်တမ်းတင်ထားတာတွေ မရှိတဲ့အတွက် မြေရှားတူးဖော်မှုနဲ့ ဆက်စပ်နိုင်တဲ့ ရောဂါဖြစ်ပွားမှုတွေကို အသေးစိတ် လေ့လာဖို့ အခက်အခဲ ရှိခဲ့ပါတယ်။

## ၄.၅။ မြေရှားတူးဖော်မှုဆိုင်ရာ အနာဂတ်လေ့လာမှုလမ်းညွှန်

မြေရှားတူးဖော်မှုနဲ့ပတ်သက်ပြီး အနာဂတ်မှာ သုတေသနတွေ ဆောင်ရွက်မယ်ဆိုရင် အခုသုတေသနမှာ ကြုံတွေ့ခဲ့ရတဲ့ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေကို ကျော်လွှားဖို့ ဦးစားပေးသင့်ပါတယ်။ အဝေးကစူးစမ်းလေ့လာခြင်း (remote sensing) နည်းပညာနဲ့ ဂြိုဟ်တုနည်းပညာတွေကို အသုံးပြုတာက ပိုလုံခြုံပြီး ပိုကျယ်ပြန့်တဲ့ အချက်အလက်တွေကို စုဆောင်းနိုင်မှာဖြစ်ပါတယ်။ မြေရှားသတ္တု လုပ်ကွက်တွေကြောင့် ထိခိုက်နေရတဲ့ ရပ်ရွာလူထုတွေရဲ့ ကျန်းမာရေးဆိုင်ရာ အကျိုးဆက်တွေကို စေ့စေ့စပ်စပ် အကဲဖြတ်ဖို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ ပူးပေါင်းပြီး စနစ်တကျ ကျန်းမာရေးလေ့လာမှုတွေ ဆောင်ရွက်သင့်ပါတယ်။

ဒါ့အပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အနည်းဆုံးဖြစ်စေဖို့အတွက် သတ္တုတွင်း စွန့်ပစ်ပစ္စည်းတွေ၊ ကျောက်မီးသွေးပြာတွေကနေ မြေရှားဒြပ်စင်တွေ ပြန်လည်ထုတ်ယူတာ၊ ပြန်လည်အသုံးပြုရေးလမ်းကြောင်းတွေ အသုံးပြုတာအပါအဝင် ရေရှည်တည်တံ့ပြီး ဆန်းသစ်တဲ့ တူးဖော်နည်းတွေကိုပါ အနာဂတ်လေ့လာမှုတွေမှာ ထည့်သွင်းလေ့လာသင့်ပါတယ်။ ပြည့်ဖြိုးမြဲ စွမ်းအင်နဲ့ အဆင့်မြင့်နည်းပညာတွေကြောင့် ကမ္ဘာ့မြေရှားလိုအပ်ချက် ကြီးထွား

▶ လာမှုနဲ့ ဒေသခံရပ်ရွာလူထုတွေရဲ့ အကျိုးစီးပွားအကြားက လူမှုစီးပွားဆိုင်ရာ အဖိုးအခတွေကို လေ့လာတာကလည်း အရေးပါတယ်။ ရေရှည် လေ့လာမှုတွေနဲ့ နယ်ပယ်စုံ ပူးပေါင်းတဲ့ ချဉ်းကပ်နည်းတွေကို (longitudinal and multidisciplinary approaches) အသုံးပြုတာက မြေရှားတူးဖော်မှုရဲ့ ပြောင်းလဲလာတဲ့ သက်ရောက်မှုတွေကို ပိုမိုနားလည်လာစေမှာဖြစ်ပြီး နည်းပညာ တိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ လူမှုတန်းတူညီမျှမှုတို့ကို မျှတအောင် ထိန်းညှိပေးတဲ့ တာဝန်ယူမှုရှိတဲ့ သတ္တုတူးဖော်မှုအလေ့အကျင့်တွေ ဖွံ့ဖြိုးတိုးတက်လာဖို့ အထောက်အကူဖြစ်မယ်လို့ ယူဆရပါတယ်။

အရင်လေ့လာမှုတွေအရ မြေရှားတူးဖော်မှုဟာ အဓိကအားဖြင့် ကချင်ပြည်နယ်မှာ ဗဟိုပြုနေတယ်လို့ ဆိုကြပါတယ်။ ဒါပေမဲ့ မကြာသေးခင်က ဖြစ်ရပ်တွေအရ ရှမ်းပြည်နယ်အတွင်း ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ထိုင်း-မြန်မာနယ်စပ် တလျှောက်မှာလည်း မြေရှားသတ္တုလုပ်ကွက်တွေ ရှိနေနိုင်တယ်ဆိုတဲ့ ဆန်းစစ်ချက်တွေ ထွက်ပေါ်လာပါတယ်။ ရှမ်းပြည်နယ်အတွင်းက မြေရှားတူးဖော်မှုတွေကြောင့် ထိုင်းနိုင်ငံထဲကို စီးဝင်တဲ့ မြစ်တွေကို ညစ်ညမ်းထိခိုက်စေပြီး ငါးတွေမှာ မျိုးဗီဇ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာသလို ရေညစ်ညမ်းမှုလည်း ဖြစ်ပေါ်နေတယ်လို့ ကနဦး လေ့လာချက်တွေက ဆိုထားပါတယ်။ ဒါကို တုံ့ပြန်တဲ့အနေနဲ့ ဒီအကြောင်းကို စုံစမ်းစစ်ဆေးဖို့ ထိုင်းအစိုးရက တရားဝင် တောင်းဆိုထားပါတယ်။ ဒါကြောင့် နယ်စပ်ဖြတ်ကျော် သဘာဝပတ်ဝန်းကျင်ထိခိုက်လာပြီး အရင်သိထားတဲ့ နေရာတွေရဲ့အပြင်ဘက်မှာ မြေရှားတူးဖော်မှုတွေ ရှိလာတဲ့အတွက် ရှမ်းပြည်နယ်က မြေရှားလုပ်ကွက်တွေကို လာမယ့် အနာဂတ်လေ့လာချက်တွေမှာ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

## ၅။ စစ်အာဏာသိမ်းပြီးနောက် မြေရှားတူးဖော်မှုနှင့် တရုတ်နိုင်ငံသို့ မြေရှားတင်ပို့မှုများ သိသိသာသာ မြင့်တက်လာခြင်း

မြန်မာနိုင်ငံဟာ ပြီးခဲ့တဲ့ ရှစ်နှစ်အတွင်း တရုတ်နိုင်ငံအတွက် ပြည်ပမြေရှားသတ္တုကုန်ကြမ်းတွေ တင်သွင်းမှုမှာ အများဆုံးတင်ပို့ရာ အရင်းအမြစ် ဖြစ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ ကမ္ဘာ့နိုင်ငံအသီးသီးကနေ တရုတ်နိုင်ငံကို မြေရှားသတ္တုတင်ပို့မှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ ရှိခဲ့ပါတယ်။ ဒီကာလအတွင်း မြန်မာဟာ တရုတ်ကို တင်သွင်းတဲ့ တခြားနိုင်ငံအားလုံးကိုကျော်ပြီး မြန်မာတနိုင်ငံတည်းကနေ အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ဖိုး တင်ပို့ခဲ့ပါတယ်။

### **ဇယား-၂။** ။ တရုတ်နိုင်ငံသို့ မြေရှားတင်ပို့မှု ငါးဆတိုးလာ


စစ်အာဏာသိမ်းပြီး လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံကနေ တရုတ်နိုင်ငံသို့ မြေရှားသတ္တုတင်ပို့မှု **ငါးဆ** မြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် **အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ**အထိ ရှိလာသည်။ စစ်အာဏာမသိမ်းမီ လေးနှစ်အတွင်း တရုတ်နိုင်ငံသို့ မြေရှားသတ္တုတင်ပို့မှုတန်ဖိုးမှာ **အမေရိကန်ဒေါ်လာ ၆၆၅ သန်း**သာ ရှိခဲ့သည်။




**၂၀၁၇ ခုနှစ် မတ်လကနေ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ**အထိ သိရသော အချက်အလက်များဖြစ်သည်။ တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) က ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများကို ISP-Myanmar က ဆန်းစစ်ထားခြင်းဖြစ်သည်။

## ဇယား-၃။ ။ တရုတ်နိုင်ငံသို့ မြေရှားတင်ပို့မှုတန်ဖိုး ၄ ဒသမ ၂ ဘီလီယံ ရှိခဲ့

၂၀၁၇ ခုနှစ် ဇန်နဝါရီလကနေ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ရှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံကနေ တရုတ်နိုင်ငံသို့ မြေရှားသတ္တုတင်ပို့မှုတန်ဖိုးမှာ စုစုပေါင်း **အမေရိကန်ဒေါ်လာ ၄ဒသမ ၂ ဘီလီယံအထိ** ရှိခဲ့သည်။ တင်ပို့မှုတန်ဖိုးစုစုပေါင်း၏ **၈၄ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ)** မှာ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် တင်ပို့ခဲ့ခြင်းဖြစ်သည်။




၂၀၁၇ ခုနှစ် ဇန်နဝါရီလကနေ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ သိရသော အချက်အလက်များဖြစ်သည်။ တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) က ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများကို ISP-Myanmar က ဆန်းစစ်ထားခြင်းဖြစ်သည်။

စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံကနေ တရုတ်နိုင်ငံကို မြေရှားတင်ပို့မှုဟာ ငါးဆလောက် တဟုန်ထိုး တိုးများလာခဲ့ပါတယ် (ဇယား-၂ ကို ကြည့်ပါ)။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံတန်ဖိုး ရှိခဲ့ပြီး ဒါဟာ ရှစ်နှစ်ကာလအတွင်း စုစုပေါင်းမြေရှားတင်ပို့မှုရဲ့ ၈၄ ရာခိုင်နှုန်းအထိ ရှိပါတယ် (ဇယား-၃ ကို ကြည့်ပါ)။ ၂၀၂၃ ခုနှစ်မှာ တင်ပို့မှုတန်ဖိုး အများဆုံးဖြစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိခဲ့ပါတယ်။ ကချင်ပြည်နယ်အတွင်း စစ်ပွဲပဋိပက္ခဒဏ်ခံရတဲ့ ဒေသတွေမှာ တိုင်းရင်းသား

- လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ သူတို့ရဲ့စစ်ရေးဘဏ္ဍာဖြည့်တင်းဖို့ သတ္တုတူးဖော်မှုတွေကို တိုးချဲ့လုပ်ဆောင်ခဲ့တာကြောင့် ဒီလိုတင်ပို့မှုများခဲ့တာ ဖြစ်ပါတယ်။ ဒီတူးဖော်မှုလုပ်ငန်းတွေက ရရှိတဲ့ဝင်ငွေဟာ ပဋိပက္ခတွေအတွက် စစ်စရိတ်ရရှိဖို့နဲ့ စစ်မီးဆက်လက်တောက်လောင်စေဖို့အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။


ဂြိုဟ်တုပုံရိပ်တွေနဲ့ မြေပြင်သတင်းပို့ချက်တွေအရ စည်းကမ်းမဲ့ တရားမဝင် သတ္တုတူးဖော်မှုတွေ သိသိသာသာ တိုးများလာနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်မှာ တိုးလာတာ ဖြစ်ပါတယ်။ စစ်တပ်နဲ့ဆက်စပ်တဲ့ အဖွဲ့အစည်းတွေသာမက ကမ္ဘာ့မြေရှားလိုအပ်ချက်ကြီးထွားလာတာကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ (EAOs) ပါ အသုံးချပြီး တူးဖော်နေကြတာ ဖြစ်ပါတယ်။

# ၆။ တရုတ်နိုင်ငံသို့ မြေရှားတင်သွင်းမှုတွင် မြန်မာနိုင်ငံ၏ အရေးပါမှု

တရုတ်ရဲ့ ပြည်ပမြေရှားသတ္တုတင်သွင်းမှုမှာ မြန်မာဟာ အများဆုံးတင်သွင်းသူအဖြစ် ရှစ်
နှစ်ဆက်တိုက် ရပ်တည်နေခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံရဲ့
ပြည်ပမြေရှားတင်သွင်းမှု ပမာဏရဲ့ ၆၀ ရာခိုင်နှုန်းကနေ ၈၇ ရာခိုင်နှုန်းအတွင်း နှစ်စဉ်ပါဝင်

## **ဇယား-၄။** ။ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံက မြေရှားသတ္တု အများဆုံးတင်ပို့

မြေရှားသတ္တုတင်ပို့မှု ပမာဏအရ မြန်မာနိုင်ငံသည် ပျမ်းမျှအားဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း တရုတ်
နိုင်ငံသို့ မြေရှားသတ္တုတင်ပို့မှု အများဆုံးနိုင်ငံ ဖြစ်လာသည်။ မြန်မာ့မြေရှားတင်ပို့မှုပမာဏသည် ပျမ်းမျှအားဖြင့်
တရုတ်နိုင်ငံအတွက် နှစ်စဉ်မြေရှားတင်သွင်းမှုပမာဏ၏ **သုံးပုံနှစ်ပုံ**အထိ ရှိနေသည်။ မြန်မာနိုင်ငံအနေနှင့်
၂၀၁၇ ခုနှစ် ဇန်နဝါရီလကနေ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ မြေရှား**တန်ချိန် ၂၉၀,၀၀၀ ကျော်**ကို တရုတ်နိုင်ငံသို့
တင်ပို့ခဲ့ပြီး **တန်ချိန် ၁၇၀,၀၀၀ ကျော်**မှာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း တင်ပို့မှုဖြစ်သည်။




**၂၀၁၇ ခုနှစ် ဇန်နဝါရီလကနေ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ**အထိ သိရသော အချက်အလက်များဖြစ်သည်။ တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) က ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများကို ISP-Myanmar က ဆန်းစစ်ထားခြင်းဖြစ်သည်။

ခဲ့ပြီး ကမ္ဘာ့မြေရှား ထောက်ပံ့မှုကွင်းဆက်မှာလည်း အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိနေပါတယ်။ ဒီကာလအတွင်း တရုတ်နိုင်ငံဟာ ကမ္ဘာတဝန်းကနေ မြေရှားသတ္တု စုစုပေါင်း မက်ထရစ်တန် ၃၉၀,၀၀၀ ကျော် တင်သွင်းခဲ့ပါတယ်။ ဒီထဲက မက်ထရစ်တန် ၂၉၀,၀၀၀ ကျော်၊ ၇၄ ရာခိုင်နှုန်း ခန့်ဟာ မြန်မာနိုင်ငံကနေ တင်ပို့တာ ဖြစ်ပါတယ် (ဇယား-၄ ကို ကြည့်ပါ)။ ၂၀၂၀ ပြည့်နှစ်နဲ့ ၂၀၂၁ ခုနှစ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ စစ်အာဏာသိမ်းမှုတို့ကြောင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတွေကို ကန့်သတ်တာတွေ ရှိခဲ့ပေမဲ့ တရုတ်နိုင်ငံကို မြေရှားတင်ပို့မှုကတော့ အဲဒီကာလမှာလည်း ဆက်လက်တိုးနေခဲ့ပါတယ်။ တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) ရဲ့ ကိန်းဂဏန်းတွေအရ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းနဲ့ တရုတ်နိုင်ငံက နယ်စပ်ပိတ်ပြီးနောက်ပိုင်း လအနည်းငယ်လောက်ပဲ မြေရှားတင်ပို့မှုတွေ ရပ်တန့်ခဲ့တာကို တွေ့ရပါတယ်။

စစ်အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကနေ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ တရုတ်နိုင်ငံသို့ မြေရှားသတ္တု မက်ထရစ်တန်ချိန် ၁၇၀,၀၀၀ ကျော် တင်ပို့ခဲ့ပြီး ဒါဟာ ရှစ်နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံကနေ စုစုပေါင်းမြေရှားတင်ပို့မှုရဲ့ ၆၀ ရာခိုင်နှုန်းနီးပါး ဖြစ်ပါတယ်။ ပမာဏအားဖြင့် ၂၀၂၃ ခုနှစ်ဟာ နှစ်အလိုက် မြေရှားသတ္တုတင်ပို့မှု အများဆုံးဖြစ်ပြီး မက်ထရစ်တန်ချိန် ၇၀,၀၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

## ၇။ မြေရှားတူးဖော်မှုများ ချဲ့ထွင်လာခြင်းကို ဂြိုဟ်တုပုံရိပ်ဖြင့် ဆန်းစစ်လေ့လာခြင်း

ISP-Myanmar ကပြုလုပ်တဲ့ ဂြိုဟ်တုပုံရိပ်အခြေပြု ဆန်းစစ်လေ့လာမှုတွေအရ ကချင်ပြည်နယ်အတွင်း ချီဖွေနဲ့ မိုးမောက်မြို့နယ်တွေမှာ မြေရှားတူးဖော်မှုတွေ အများဆုံးရှိနေတာကို တွေ့ရပါတယ်။ Google Earth ဂြိုဟ်တုအချက်အလက်တွေကို အသုံးပြုတဲ့ ကနဦးဆန်းစစ်လေ့လာမှုအရ ချီဖွေမြို့နယ်မှာ မြေရှားသတ္တုလုပ်ကွက် ၃၅၇ ခု ကျော်ရှိပြီး သတ္တုပျော်ရည်ကန်ပေါင်း ၂,၅၀၀ ကျော်ရှိပါတယ်။ မိုးမောက်မြို့နယ်မှာတော့ မြေရှားသတ္တု

### ဇယား-၅။ ။ လုပ်ကွက်များနှင့် ပျော်ရည်စုဆောင်းကန်များ တိုးချဲ့လာမှု

၂၀၁၃ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ ၁၂ နှစ်တာ ကာလအတွင်း မြေရှားတူးဖော်ရေးလုပ်ကွက် **၃၇၁ ခု**နှင့် သတ္တုပျော်ရည် စုဆောင်းကန် **၂,၇၉၅ ခု**အထိ တိုးချဲ့လာခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် မြေရှားလုပ်ကွက်သစ်ပေါင်း **၁၃၅ ခု**အထိ တိုးချဲ့ခဲ့ပြီး အများဆုံးဖြစ်သည်။

| ခုနှစ် | မြေရှားလုပ်ကွက်သစ် | စုဆောင်းကန်သစ် |
|---|---|---|
| ၂၀၁၃ | ၄ | ၅၈ |
| ၂၀၁၄ | ၂ | ၂၇ |
| ၂၀၁၅ | ၂ | ၂၃ |
| ၂၀၁၆ | ၈ | ၁၁၄ |
| ၂၀၁၇ | ၂ | ၁၈ |
| ၂၀၁၈ | ၉၅ | ၈၂၅ |
| ၂၀၁၉ | ၂ | ၅၉ |
| ၂၀၂၀ | ၁၁ | ၁၁၅ |
| ၂၀၂၁ | ၁၃၅ | ၁,၀၄၇ |
| ၂၀၂၂ | ၁၁ | ၉၀ |
| ၂၀၂၃ | ၈၆ | ၂၆၈ |
| ၂၀၂၄ | ၁၃ | ၁၅၁ |
| စုစုပေါင်း | ၃၇၁ | ၂,၇၉၅ |

**၂၀၁၃ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ** သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှု အကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

လုပ်ကွက် ၁၄ ကွက်နဲ့ သတ္တုပျော်ရည်ကန်ပေါင်း ၂၀၀ ကျော် တွေ့ရှိရပါတယ်။ ဒါ့အပြင် မံစီနဲ့ ဆော့လော်မြို့နယ်တွေမှာလည်း တူးဖော်မှုတွေရှိနေတယ်လို့ ဒေသခံတွေဆီက သိရှိရပါတယ်။[၁] ဒါပေမဲ့ နည်းပညာ အကန့်အသတ်တွေကြောင့် ဒီနေရာတွေက မြေရှားသတ္တု လုပ်ကွက်တွေကို တရားဝင် မှတ်တမ်းမတင်နိုင်သေးပါဘူး။


စစ်အာဏာမသိမ်းမီကာလ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အတွင်း ချီဖွေမြို့နယ်မှာ မြေရှားသတ္တုလုပ်ကွက် ၁၀၀ ခန့်နဲ့ သတ္တုပျော်ရည်ကန်ပေါင်း ၁,၀၀၀ ကျော်ရှိခဲ့ပါတယ်။ ဒါပေမဲ့ အာဏာသိမ်းပြီးနောက် လေးနှစ်အတွင်း မြေရှားသတ္တုလုပ်ကွက် အရေအတွက်ဟာ နှစ်ဆကျော် တိုးလာခဲ့ပြီး သတ္တုပျော်ရည်ကန် အရေအတွက်ကတော့ တဆခွဲလောက် တိုးလာခဲ့ပါတယ်။ ချီဖွေမြို့နယ်အတွင်း မြေရှားတူးဖော်မှုတွေဟာ ကျေးရွာအုပ်စု ရှစ်ခုမှာ တည်ရှိနေပြီး ပန်ဝါမြို့အနီးက လုပိနဲ့ လန်ယန်ကျေးရွာအုပ်စုနှစ်ခုမှာ စုစုပေါင်း မြေရှားလုပ်ကွက် ၃၂၅ ခုအထိ ရှိပါတယ်။ ဒီမြေရှားလုပ်ကွက် နေရာတွေဟာ မြန်မာနိုင်ငံရဲ့ ပင်မသွေးကြော မြစ်ဖြစ်တဲ့ ဧရာဝတီမြစ် မြစ်ဖျားခံရာ မေခမြစ်ကနေ ၁၅ မိုင်အကွာလောက်မှာ တည်ရှိနေတာ ဖြစ်ပါတယ်။

မိုးမောက်မြို့နယ်အတွင်း ဘလောင်ကောင်၊ ကောင်းဆာ၊ ကွမ်းရှီး၊ မံမော်ကောင်နဲ့ ဝိန်းခမ်း ဆိုတဲ့ ကျေးရွာအုပ်စု ငါးခုမှာ အများဆုံး ဖြစ်ပေါ်နေပြီး မြေရှားသတ္တုလုပ်ကွက် ၁၄ ခုနဲ့ သတ္တုပျော်ရည်ကန် ၂၀၀ ကျော် ရှိတာကို တွေ့ရပါတယ်။ ချီဖွေနဲ့ မိုးမောက်မြို့နယ်တွေက မြေရှားလုပ်ကွက်တွေဟာ ကျေးရွာအုပ်စု ၁၃ ခုအဖြစ် ဖွဲ့စည်းထားတဲ့ အနည်းဆုံး ကျေးရွာ ၃၆ ရွာမှာ ဖြစ်ပေါ်နေပါတယ်။ စစ်အာဏာမသိမ်းခင်ကာလဖြစ်တဲ့ ၂၀၁၃ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အတွင်းမှာ မြေရှားသတ္တုလုပ်ကွက် ၁၂၆ ခုနဲ့ သတ္တုပျော်ရည်စုတဲ့ကန်ပေါင်း ၁,၂၃၉ ခု ရှိခဲ့ပါတယ်။ အာဏာသိမ်းပြီးနောက် လေးနှစ်အတွင်း မြေရှားသတ္တုလုပ်ကွက် ၂၄၅ ခုနဲ့ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ သတ္တုပျော်ရည်စုတဲ့ကန်ပေါင်း ၁,၅၅၆ ခု ထပ်မံတိုးလာခဲ့ပြီး ဒါဟာ အာဏာမသိမ်းခင်ကာလနဲ့ နှိုင်းယှဉ်ရင် သတ္တုလုပ်ကွက် အရေအတွက် ၁၉၄ ဒသမ ၄ ရာခိုင်နှုန်း တိုးလာပြီး သတ္တုပျော်ရည်စုတဲ့ ကန်အရေအတွက်က ၁၂၅ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာတာ ဖြစ်ပါတယ် (ဇယား-၅ နဲ့ မြေပုံ-၃ ကို ကြည့်ပါ)။ ချီဖွေမြို့နယ်ကနေ တူးဖော်ထားတဲ့ မြေရှားသတ္တုတွေကို ကချင်ပြည်နယ် ပန်ဝါ၊ ဖီမော်၊ ကန့်ဖန် နယ်စပ်ဂိတ်တွေနဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းတွေကတဆင့် တရုတ်နိုင်ငံကို တင်ပို့ပါတယ်။ မိုးမောက်မြို့နယ်က မြေရှားသတ္တုလုပ်ကွက်တွေက မြေရှားတွေကို မိုင်ဂျာယန်ဂိတ်ကတဆင့် တရုတ်နိုင်ငံရဲ့ လုံချွမ်းနဲ့ ယင်ကျန်းမြို့တွေဆီ တင်ပို့ကြပါတယ် (မြေပုံ-၄ ကို ကြည့်ပါ)။

[၁] ချီဖွေမြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။

## မြေပုံ-၃။ ။ အာဏာသိမ်းပြီးနောက် ကချင်ပြည်နယ်တွင် မြေရှားလုပ်ကွက်တိုးလာ


၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း ကချင်ပြည်နယ်အတွင်း မြေရှားတူးဖော်ရေး လုပ်ကွက်သစ် ၂၄၅ ခု တိုးလာကာခဲ့သည်။ အာဏာသိမ်းမှု မတိုင်မီက လုပ်ကွက်ပေါင်း ၁၂၆ ခု ရှိခဲ့ရာမှ ၃၇၁ ကျော်အထိ မြင့်တက်လာခဲ့ပြီး အာဏာသိမ်းမှုမတိုင်မီကာလထက် **နှစ်ဆနီးပါး** များပြားလာခြင်းဖြစ်သည်။




**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ**အထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

## **မြေပုံ-၄။** ။ မြေရှားသတ္တု ဖြတ်သန်းတင်ပို့ရာ နယ်စပ်ဂိတ်များ

ချီဖွေမြို့နယ်ကနေ တူးဖော်ရရှိသော မြေရှားသတ္တုများကို **ပန်ဝါ၊ ဖီမော်၊ ကန့်ဖန်ဂိတ်များနှင့် ကန်ပိုက်တီကုန်သွယ်ရေးစခန်း**တို့ကတဆင့် တရုတ်နိုင်ငံ ထိန်ချုံးဒေသသို့ တင်ပို့သည်။ မိုးမောက်မြို့နယ်ရှိ လုပ်ကွက်များက မြေရှားသတ္တုများကို **မိုင်ဂျာယန်ဂိတ်**ကတဆင့် တရုတ်နိုင်ငံ လုံ့ချွမ်းနှင့် ယင်ကျန်းမြို့များသို့ ပို့ဆောင်သည်။




**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ**အထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ မြေရှားသတ္တုများကို တရားဝင်လမ်းကြောင်း (ဥပမာ ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်း) နှင့် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများကတဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်သည်။ ဤတင်ပို့မှုများကို နိုင်ငံတော်အဆင့် တရားဝင်အခွန်ဝင်ငွေတွင် မှတ်တမ်းတင်ထားခြင်း မရှိကြောင်း သိရှိရသည်။

## ၈။ မြေရှားတူးဖော်မှုတွင် ပါဝင်နေသော အဓိကဇာတ်ကောင်များ

မြန်မာနိုင်ငံအတွင်းရှိ မြေရှားသတ္တုတူးဖော်မှု အများစုမှာ တရားဝင်မဟုတ်ပါ။ တူးဖော်မှုမှာ ပါဝင်ပတ်သက်နေတဲ့ အဓိကလက်နက်ကိုင်အဖွဲ့အစည်းတွေကတော့ စစ်ကောင်စီရဲ့နယ်ခြားစောင့်တပ်ဖွဲ့ဖြစ်တဲ့ ကချင်ဒီမိုကရေစီသစ်တပ်မတော် (NDA-K)နဲ့ စစ်ကောင်စီကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ ကချင်လွတ်လပ်ရေးအဖွဲ့/ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA) တို့ပဲ ဖြစ်ပါတယ်။ ချီဖွေနဲ့ ပန်ဝါဒေသက မြေရှားတူးဖော်မှုအများစုကို NDA-K ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်းမိသားစုအပြင် ၎င်းတို့နဲ့ စီးပွားရေးအရ ဆက်စပ်နေတဲ့ ကုမ္ပဏီတွေက ထိန်းချုပ်ထားပါတယ်။ မြေရှားတူးဖော်မှုမှာ ပါဝင်တယ်လို့ သတင်းထွက်နေပြီး မြန်မာနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတွေကတော့ မြန်မာမျိုးကိုကို (Myanmar Myo Ko Ko)၊ ဆန်းလင်း (San Lin)၊ ဘောမ်မြန် (Bawm Myang)၊ စဉ်ကြိုင် (Sin Kyaing)၊ ချန်းရင်းခူး (Chang Yin Khu) တို့ ဖြစ်ကြပါတယ်။

၂၀၁၆ ခုနှစ်မှာ တရုတ်နိုင်ငံတွင်းမှာ တင်းကျပ်တဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒတွေ ပြဋ္ဌာန်း လိုက်တဲ့အတွက် တရုတ်သတ္တုတူးဖော်ရေးကုမ္ပဏီတချို့ဟာ မြန်မာ-တရုတ် နယ်စပ်

### ● ကချင်ဒီမိုကရေစီသစ်တပ်မတော် (NDA-K)

ကချင်လူမျိုးစုများအရေး၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)နှင့် ပူးပေါင်းရေး ကိစ္စများတွင် KIA ခေါင်းဆောင်ပိုင်းနှင့် သဘောထားကွဲလွဲပြီးနောက် KIA တပ်ခွဲမှူး အဆင့်ရှိသူ ဦးဇခုန်တိန့်ယိန်းနှင့် ဦးလယောက်ဇလွန်းတို့သည် ၁၉၆၈ ခုနှစ်တွင် KIA ကနေ တပ်ခွဲအလိုက် ခွဲထွက်ခဲ့ကြသည်။ ထို့နောက် ဗကပနှင့် ပူးပေါင်းကာ ပန်ဝါ၊ ကန်ပိုက်တီနှင့် ဖီမော်ဒေသများတွင် ဗကပ အမှတ်-၁၀၁ စစ်ဒေသကို တည်ထောင်ခဲ့သည်။ ထို့နောက် နှစ် ၂၀ ခန့်အကြာ ၁၉၈၉ ခုနှစ်တွင် ‘ဝ’၊ ကိုးကန့်၊ မိုင်းလား စသည့်အဖွဲ့များ ဗကပက ခွဲထွက်ကာ ငြိမ်းချမ်းရေးရယူချိန်တွင် ကချင်ဒီမိုကရေစီသစ်တပ်မတော်ကို ဇခုန်တိန့်ယိန်းက ဦးဆောင်ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် NDA-K သည် ယခင် မြန်မာစစ်အစိုးရနှင့် အပစ်ရပ်စဲရေး သဘောတူညီခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ကချင်ပြည်နယ် အထူးဒေသ-၁ ကို စစ်အစိုးရက သတ်မှတ်ပေးခဲ့ပြီး NDA-K ကို ထိန်းချုပ်ခွင့်ပေးခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် NDA-K တပ်ဖွဲ့များကို မြန်မာစစ်တပ် အမိန့်ပေးကွပ်ကဲမှုအောက်ရှိ ကချင်နယ်ခြားစောင့်တပ်ဖွဲ့ (Kachin-BGF) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်နှင့် ဝိုင်းမော်မြို့နယ်မှ ဒေသတချို့ ပါဝင်သည့် ကချင်ပြည်နယ် အထူးဒေသ-၁ ကို ကန်ပိုက်တီ၊ ပန်ဝါနဲ့ ဖီမော်မြို့များတွင် အခြေစိုက်သော တပ်ရင်းသုံးရင်းဖြင့် ထိန်းချုပ်ခွင့်ပေးခဲ့သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် KIA တပ်ဖွဲ့များက ဤဒေသတခုလုံးကို သိမ်းယူနိုင်ခဲ့ပြီး ယခင် စစ်အစိုးရဖွဲ့စည်းပေးခဲ့သော ကချင်ပြည်နယ် အထူးဒေသ-၁ နှင့်အတူ NDA-K ၏ အုပ်ချုပ်မှုကို ဖျက်သိမ်းခဲ့သည်။ ■

ဒေသတွေမှာ တရားမဝင် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ဖို့ နေရာသစ်တွေ ရှာဖွေခဲ့ကြပါတယ်။ ဒါပေမဲ့ မြန်မာသတ္တုတူးဖော်ရေးကုမ္ပဏီတချို့ကတော့ ၂၀၁၉ ခုနှစ်ကာလ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်တဲ့ အစိုးရလက်ထက်မှာ မြေရှားမဟုတ်တဲ့ အခြားသတ္တုတွေ တူးဖော်ရှာဖွေမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ မြန်မာအစိုးရဆီက တူးဖော်ခွင့်လိုင်စင်တွေ လျှောက်ထားခဲ့ကြတယ်။ ဥပမာအနေနဲ့ မြန်မာမျိုးကိုကို ကုမ္ပဏီဟာ ချီဖွေမြို့နယ်အတွင်း လုပ်ကွက် ငါးခုအတွက် စုစုပေါင်း ဧက ၁၄၀ လောက်ကို ကချင်ပြည်နယ်သတ္တုတွင်းဌာနဆီကနေ ရွှေတူးဖော်ခွင့်လိုင်စင် လျှောက်ထားခဲ့ပါတယ်။ ရွှေစပါး (Shwe Sapar) သတ္တုတူးဖော်ရေးကုမ္ပဏီကတော့ လွယ်ဂျယ်မှာ ဧက ၁၅၀ လောက်ကို လွှမ်းခြုံတဲ့ တူးဖော်ခွင့်လိုင်စင်တွေ လျှောက်ထားခဲ့ပါတယ်။ အစိုးရအာဏာပိုင်တွေက သတ္တုလုပ်ကွက်တွေကို စစ်ဆေးခဲ့ပြီး ပြည်နယ်အစိုးရရဲ့ ထောက်ခံချက်နဲ့အတူ ဗဟိုအစိုးရက ခွင့်ပြုခဲ့ပါတယ်။ ဒါပေမဲ့ စစ်ဆေးမှုတွေဟာ လုံခြုံရေးစိုးရိမ်ချက်တွေကြောင့် အဟန့်အတားဖြစ်ခဲ့ရပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်တန့်သွားခဲ့ရပါတယ်။[၂]

ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း လုပ်ငန်းခွင်တွေ၊ နယ်စပ်တွေကို ပိတ်ထားချိန်မှာတောင် မြေရှားတူးဖော်မှုတွေ ဆက်လက်လုပ်ဆောင်နေခဲ့ပုံရပါတယ်။ ၂၀၂၀ ပြည့်နှစ်နဲ့ ၂၀၂၁ ခုနှစ်တွေမှာ ကပ်ရောဂါနဲ့ စစ်အာဏာသိမ်းမှုကြောင့် တရုတ်နိုင်ငံက နယ်စပ်ပိတ်တာတွေ ရှိခဲ့ပေမဲ့ တရုတ်နိုင်ငံကို မြေရှားတင်ပို့မှုကတော့ တိုးလာပါခဲ့တယ်။ တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)ရဲ့ အချက်အလက်တွေအရ ၂၀၂၁ ခုနှစ်အတွင်း စစ်အာဏာသိမ်းပြီးစ လအနည်းငယ်လောက်သာ မြေရှားတင်ပို့မှုတွေ ရပ်နားခဲ့ပါတယ်။

၂၀၁၅ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အတွင်း မြေရှားတူးဖော်မှုမှာ ပါဝင်တဲ့ မြန်မာကုမ္ပဏီတွေဟာ မြေရှားသတ္တုတူးဖော်မှုအပြင် ခဲ၊ သွပ်၊ သံဖြူ၊ သံမဏိနဲ့ စကျင်ကျောက်လို အခြားသတ္တုဓာတ်တွေ တူးဖော်ဖို့ အတွက်လည်း တရားဝင်ခွင့်ပြုချက်တွေ ရခဲ့ပါတယ်။ အလွှမ်းတောင် (Alwan Taung)၊ လန်းချောပေါင် (Lan Chaw Pwan)၊ ကျားရှိန် (Kyar Shein)၊ ငါမော (Nga Maw) လို ကုမ္ပဏီတွေလည်း သတ္တုတူးဖော်ခွင့်တွေ ရခဲ့ပေမဲ့ မြေရှားအတွက် သီးသန့်ခွင့်ပြုခဲ့တာ မဟုတ်ပါဘူး။[၃] အချို့ကုမ္ပဏီတွေကို နောက်ပိုင်းမှာ ကုမ္ပဏီမှတ်ပုံတင် ပယ်ဖျက်ခဲ့ပါတယ်။ ဒီကုမ္ပဏီတွေဟာ NDA-K ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်းရဲ့ မိသားစုဝင်တွေနဲ့ ဆက်စပ်နေတယ်လို့ သတင်းထွက်ခဲ့ပါတယ်။ ဒီခွင့်ပြုချက်တွေကို မြန်မာအစိုးရက ထုတ်ပေးခဲ့ပေမဲ့ မြေရှားတူးဖော်မှုကို တဖက်လှည့်နဲ့ လုပ်ကိုင်နေတာမျိုး ဖြစ်နိုင်ပြီး ချီဖွေဒေသအတွင်း မြေရှား

[၂] ဘီဘီစီ မြန်မာပိုင်း၊ ၂၀၁၉။
[၃] 'MEITI-Map', 2022.

## ● ကချင်လွတ်လပ်ရေးတပ်မတော်/ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA)

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ကို ၁၉၆၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်နေသည်။ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)သည် KIO ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပြီး အဓိကအားဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် လှုပ်ရှားတိုက်ပွဲဝင်လျက်ရှိသည်။ မြန်မာနိုင်ငံပြည်တွင်းစစ်ပွဲ သမိုင်းတလျှောက် KIO အဖွဲ့သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (EAOs) များ၏ မဟာမိတ်လှုပ်ရှားမှုများတွင် ဦးဆောင်ခဲ့ပြီး ပြင်းထန်သည့် တိုက်ပွဲကြီးများလည်း ဆင်နွှဲခဲ့သည်။ သို့ရာတွင် ကချင်လူမျိုးစုများအရေး၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) နှင့် ပူးပေါင်းရေး ကိစ္စများတွင် KIA ခေါင်းဆောင်ပိုင်းနှင့် သဘောထားကွဲလွဲပြီးနောက် ၁၉၆၈ ခုနှစ်တွင် KIA တပ်ခွဲမှူးတချို့သည် ဗကပနှင့် ပူးပေါင်းသွားခဲ့သည်။ ထို့နောက် ၁၉၈၉ ခုနှစ်တွင် NDA-K ကချင်ဒီမိုကရေစီသစ်တပ်မတော်ကို ဖွဲ့စည်းကာ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သည်။ KIO/KIA သည်လည်း တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၏ ဖိအားပေးမှုကြောင့် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စစ်အစိုးရနှင့် အပစ်ခတ်ရပ်စဲရေး သဘောတူညီခဲ့သည်။

KIO/KIA နှင့် ယခင်စစ်အစိုးရအကြား အပစ်ရပ်စဲရေးသည် ၂၀၁၁ ခုနှစ်အထိ တည်မြဲခဲ့ပြီး နောက်ပိုင်းတွင် မြန်မာစစ်တပ်က KIA ထိန်းချုပ်ထားသည့် နယ်မြေများကို သိမ်းပိုက်ရန် အားထုတ်လာခြင်း၊ KIA ကို နယ်ခြားစောင့်တပ်ဖွဲ့ (BGF) လက်အောက်ခံတပ်ဖွဲ့တခုအဖြစ် ပြောင်းလဲရန် ဖိအားပေးလာသောကြောင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာကာ ၎င်းအပစ်ခတ်ရပ်စဲရေး သဘောတူညီချက်မှာ ပျက်ပြယ်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကချင်ပြည်နယ်အတွင်း KIA ကို ထိုးစစ်ဆင်နေသော မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများ ရပ်တန့်ရန် သမ္မတဦးသိန်းစိန်က အမိန့်ထုတ်ပြန်ခဲ့သော်လည်း တပ်မတော်က လက်မခံသောကြောင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် KIO ခေါင်းဆောင်များသည် မြန်မာအစိုးရနှင့် အပစ်ခတ်ရပ်စဲရေး ညှိနှိုင်းမှုများတွင် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) နှင့်အတူ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) ၁၆ ဖွဲ့တွင် ပါဝင်ဆွေးနွေးခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA) လက်မှတ်ရေးထိုးသည့်အခါ KIO အပါအဝင် EAOs အဖွဲ့တချို့မှာ လက်မှတ်ရေးထိုးခြင်းမပြုဘဲ ကျန်ရစ်ခဲ့သည်။ NCA ညှိနှိုင်းမှုများမှာ ပြည့်စုံခြုံငုံမှုမရှိသောကြောင့်ဟု ဆိုကြသည်။

အလုံးစုံ ငြိမ်းချမ်းရေး သော်လည်းကောင်း၊ ပြင်းထန်သော တိုက်ပွဲသော်လည်းကောင်း မရှိခဲ့သည့်တိုင် တရားဝင်မှု တစိတ်တပိုင်းရှိသော ကုန်သွယ်မှုများ၊ မြေရှားနှင့် အခြားသယံဇာတ တူးဖော်မှုများမှာ ဆက်လက်ရှိနေခဲ့သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်တွင်မူ KIA နှင့် မြန်မာစစ်ကောင်စီတပ်ဖွဲ့များအကြား တိုက်ပွဲများ တဖန်ပြင်းထန်လာခဲ့ပြီး KIA က နယ်မြေထိန်းချုပ်မှု ပိုမိုရရှိလာခဲ့သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် KIA က NDA-K အဖွဲ့ ထိန်းချုပ်ထားခဲ့သည့် အထူးဒေသ-၁ တခုလုံးကို ပြန်လည်သိမ်းယူခဲ့ပြီး NDA-K လက်အောက်ရှိ နယ်ခြားစောင့်တပ်ဖွဲ့ (BGF) ကို တိုက်ထုတ်ခဲ့သည်။ ယခင် NDA-K အဖွဲ့ ထိန်းချုပ်ထားသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများ အားလုံးသည် ယခုအခါ KIO လက်အောက် ကျရောက်သွားပြီ ဖြစ်သည်။ ■

- တူးဖော်မှုကနေ ရလာတဲ့ ဝင်ငွေတွေကို တရားဝင် မှတ်တမ်းတင်ထားမှု ရှိ၊ မရှိ၊ အခွန်ကတဆင့် နိုင်ငံတော် ဘဏ္ဍာဝင်ငွေထဲပါဝင်မှု ရှိ၊ မရှိ ဆိုတာကို ရှင်းရှင်းလင်းလင်း မသိရှိနိုင်ပါဘူး။ မြန်မာသတ္တုတူးဖော်ရေးကုမ္ပဏီတွေနဲ့ တရုတ်ဘက်က လုပ်ငန်းရှင်တွေအကြား အကျိုးခံစားခွင့် ခွဲဝေမှုကိုလည်း တိတိကျကျ မသိရပါဘူး။

၂၀၂၄ ခုနှစ် အောက်တိုဘာမှာ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) က ပန်ဝါဒေသကို ထိန်းချုပ်လိုက်ပြီး NDA-K ခေါင်းဆောင်ပိုင်းတွေ ထွက်ပြေးသွားကာ လက်အောက်ခံ ပြည်သူ့စစ်တပ်ဖွဲ့တွေဟာ KIA ဆီမှာ လက်နက်ချခဲ့ကြပါတယ်။ အဲဒီနောက်မှာ မြေရှားသတ္တု တူးဖော်ရေးလုပ်ငန်းတွေဟာ KIA ရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်သွားတယ်လို့ ယူဆနိုင်ပါတယ်။ အရင် လည်ပတ်နေတဲ့ မြန်မာကုမ္ပဏီတွေနဲ့ တရုတ်လုပ်ငန်းရှင်တွေဟာ မြေရှားတူးဖော်မှုတွေ ဆက်လက်လုပ်ဆောင်နေသလား၊ သတ္တုတွေ ဆက်လက်တူးဖော်နေသလားဆိုတာကို ပဋိပက္ခနဲ့ လက်နက်ကိုင်တပ်တွေရဲ့ ထိန်းချုပ်မှုတွေကြောင့် ရှင်းရှင်းလင်းလင်း မသိရပါဘူး။ ဒါပေမဲ့ အရင်က ဒီကုမ္ပဏီတွေ လည်ပတ်ခဲ့တဲ့ နေရာတချို့မှာ မြေရှားတူးဖော်မှုတွေ ဆက်လက်လုပ်ဆောင်နေကြတယ်လို့ ဒေသခံတချို့ရဲ့ ပြောကြားချက်အရ သိရပါတယ်။ ချီဖွေမြို့နယ်အတွင်းက ဖရဲရွာ၊ လငွေရွာလို နေရာတွေမှာ KIA တပ်မဟာ-၇ လက်အောက်ခံ တပ်ရင်းတချို့ဟာ မြေရှားတူးဖော်မှုမှာ ပါဝင်နေတယ်လို့ ဒေသခံတွေက ဆိုပါတယ်။ KIA တပ်မဟာ-၃ ဟာလည်း မိုးမောက်မြို့နယ်က မြေရှားလုပ်ကွက်တချို့မှာ ပါဝင်ပတ်သက်နေပါတယ်။

ဒေသခံလူထုတွေက ‘ဝ’ ကုမ္ပဏီတွေလို့ ခေါ်တဲ့ တရုတ်ကုမ္ပဏီတချို့လည်း ဒီဒေသက မြေရှားတူးဖော်မှုတွေမှာ ပါဝင်နေတာကို တွေ့ရှိရပါတယ်။ မြန်မာ့မြေရှားလုပ်ကွက်တွေကနေ မြေရှား အောက်ဆိုဒ်နဲ့ ညီမျှတဲ့ ကုန်ကြမ်းတွေ ထုတ်လုပ်ပြီး အဲဒါတွေကို တရုတ်နိုင်ငံက စက်ရုံတွေမှာ ပြန်လည်သန့်စင်ပြီး ကုန်ချောထုတ်ပါတယ်။ ပိုကြီးတဲ့ ကုမ္ပဏီတွေက မြေရှားသတ္တုတွေကို တရုတ်နိုင်ငံထဲက စက်ရုံတွေမှာသာ သန့်စင်ပြုပြင်ပြီး ဒီလုပ်ငန်းကို နိုင်ငံပိုင်လုပ်ငန်းကြီး နှစ်ခုဖြစ်တဲ့ တရုတ်နိုင်ငံ မြောက်ပိုင်းမြေရှားအုပ်စု (China Northern Rare Earth Group) နဲ့ တရုတ်နိုင်ငံ မြေရှားအုပ်စု (China Rare Earth Group) တို့က ကြီးကြပ်ပါတယ်။ China Rare Earth Group ရဲ့ လက်အောက်ခံတွေဖြစ်တဲ့ ကွမ်ကျိုးမြေရှားအုပ်စု (Ganzhou Rare Earth Group)၊ တရုတ်နိုင်ငံ မင်းမက်တဲလ်စ် မြေရှားကုမ္ပဏီ (China Minmetals Rare Earth Company) နဲ့ ကွမ်တုန်းမြေရှားအုပ်စု (Guangdong Rare Earth Group) လို ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံက မြေရှားသတ္တုတွေကို ဝယ်ယူတင်သွင်းနေတာဖြစ်ပါတယ်။

## ၉။ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်သက်ရောက်မှုများ

ကချင်ပြည်နယ်က မြေရှားသတ္တုတူးဖော်မှုတွေဟာ သဘာဝပတ်ဝန်းကျင်အပေါ် သိသာထင်ရှားတဲ့ ဆိုးကျိုးတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ အထူးသဖြင့် လေထုနဲ့ ရေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေတယ်လို့ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းတွေ (CSOs)၊ တက်ကြွလှုပ်ရှားသူတွေနဲ့ ဒေသခံတွေက အုပ်စုဖွဲ့ဆွေးနွေးမှုတွေ (FGDs) မှာ တင်ပြကြပါတယ်။ ညစ်ညမ်းနေတဲ့ ပတ်ဝန်းကျင်ထဲမှာ ကြာရှည်ထိတွေ့နေထိုင်ရတာကြောင့် မြေရှားလုပ်သားတွေနဲ့ ဒေသခံတွေမှာ ကျန်းမာရေးပြဿနာတွေ ဖြစ်ပေါ်နေပါတယ်။ ဒေသခံတွေကို တွေ့ဆုံမေးမြန်းချက်တွေအရ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေနဲ့ အရေပြားရောဂါတွေ အဖြစ်များလာတယ်လို့ သိရပါတယ်။


### ၉.၁။ သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်များအပေါ် ထိခိုက်သက်ရောက်မှု

သတ္တုတူးဖော်မှုနဲ့ ဆက်စပ်ပြီး တွေ့ရှိရတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဓိက ထိခိုက်သက်ရောက်မှုတွေကတော့ မြေရှားသန့်စင်တဲ့ လုပ်ငန်းစဉ်ကြောင့် လေထုညစ်ညမ်းမှုနဲ့ ဓာတုစွန့်ပစ်ပစ္စည်းတွေကို စည်းကမ်းမဲ့ စွန့်ပစ်တာကြောင့် ရေထုညစ်ညမ်းမှုတွေပဲ ဖြစ်ပါတယ်။ သတ္တုတူးဖော်မှုနဲ့ သန့်စင်မှု လုပ်ငန်းစဉ်တွေကနေ ထွက်လာတဲ့ ဓာတုဘေးထွက်ပစ္စည်းတွေဟာ မြေပေါ်ရေနဲ့ မြေအောက်ရေ အရင်းအမြစ်တွေကို ညစ်ညမ်းစေပါတယ်။ မြစ်ချောင်းတွေကို ပင်မရေအရင်းအမြစ်အဖြစ် မှီခိုသုံးစွဲနေကြရတဲ့ ရပ်ရွာလူထုတွေအတွက် ကြီးလေးတဲ့ ပြဿနာတွေ ဖြစ်ပေါ်စေပါတယ်။ မြစ်ချောင်းတွေထဲကို ဓာတုပစ္စည်းတွေ စည်းကမ်းမဲ့ စွန့်ပစ်တာကြောင့် ဒေသခံတွေအနေနဲ့ သန့်ရှင်းတဲ့ သောက်ရေ၊ သုံးရေ ရရှိဖို့ အတော်ခဲယဉ်းလာကြပါတယ်။ မိုးမောက်မြို့နယ်ထဲက လခွမ်းဘွမ်ဒေသမှာဆိုရင် သတ္တုတူးဖော်မှုတွေကြောင့် ဒေသခံတွေဟာ သန့်ရှင်းတဲ့ အိမ်သုံးရေနဲ့ သောက်ရေရဖို့ ဆိုးရွားတဲ့ အခက်အခဲတွေ ရင်ဆိုင်နေရတာကို တွေ့ရှိရပါတယ်။

ချီဖွေမြို့နယ်အတွင်း မြေရှားသတ္တုတွင်းတွေကထွက်တဲ့ ဓာတုစွန့်ပစ်ပစ္စည်းတွေဟာ ချီဖွေချောင်းကတဆင့် မေခမြစ်ထဲကို စီးဝင်ပါတယ်။ ဒေသခံတွေရဲ့ ပြောကြားချက်အရ ဒီချောင်းရေဟာ အလွန်အမင်း ညစ်ညမ်းလာပြီး အနံ့ဆိုးတွေ ထွက်နေသလို ငါးတွေသေဆုံးတာနဲ့ ကျောက်ဆောင်တွေ တိုက်စားခံရတာ ဒါမှမဟုတ် ပျက်စီးတာတွေလည်း ဖြစ်ပေါ်နေပါတယ် (မြေပုံ-၅ နဲ့ ၆ ကို ကြည့်ပါ)။ ဒါ့အပြင် ဒီချောင်းရေကို သောက်မိတဲ့ ကျွဲနွားတွေ သေဆုံးတဲ့

## မြေပုံ-၅။ ။ ဒေသတွင်းမြစ်ချောင်းများအပေါ် မြေရှားသတ္တုလုပ်ကွက်များ၏ အန္တရာယ်

ချီဖွေမြို့နယ်အတွင်း မြေရှားသတ္တုလုပ်ကွက်များ တိုးချဲ့လာမှုကြောင့် မြန်မာနိုင်ငံ၏ အဓိကအသက် သွေးကြောဖြစ်သော ဧရာဝတီမြစ်ထဲသို့ စီးဝင်သည့် မေခမြစ်အပါအဝင် အခြားဒေသတွင်း မြစ်ချောင်းများမှာ အန္တရာယ်နှင့် ကြုံနေရသည်။ ချီဖွေနှင့် မိုးမောက်မြို့နယ်တို့ရှိ မြေရှားလုပ်ကွက်များသည် ဒေသအတွက် အရေးပါသော မြစ်ချောင်းများကနေ **၁၀ မိုင်နှင့် ၁၅ မိုင်** ဝန်းကျင်အကွာတွင် တည်ရှိသည်။




ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များအပေါ် အခြေခံထားပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

## မြေပုံ-၆။ ။ ပန်ဝါဒေသ၏ မြေမျက်နှာသွင်ပြင် ပြောင်းလဲမှုများ

၂၀၁၈ ခုနှစ်ကနေ ၂၀၂၅ ခုနှစ်အတွင်း ချီဖွေမြို့နယ် ပန်ဝါဒေသ၌ မြေရှားလုပ်ကွက်များ တိုးချဲ့လာပုံအဆင့်ဆင့်ကို အောက်ဖော်ပြပါပုံများတွင် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြေရှားတူးဖော်မှုများ သိသိသာသာ များပြားလာခြင်းဖြစ်သည်။

၂၀၁၈



၂၀၂၁




၂၀၂၅



**၂၀၂၅ ခုနှစ် ဧပြီ ၂၅ ရက်**အထိ ရရှိသော အချက်အလက်များဖြစ်သည်။ Google ဂြိုဟ်တုဓါတ်ပုံများကို အသုံးပြုကာ ISP-Myanmar က သုတေသနပြုလေ့လာထားသော အချက်အလက်များ ဖြစ်သည်။ ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ Google ဂြိုဟ်တုဓာတ်ပုံများသည် ဂြိုလ်တုများကတဆင့် အကြိမ်များစွာဖြတ်သန်းရိုက်ကူးထားသော ဓာတ်ပုံများကို ပေါင်းစပ်ထားခြင်း ဖြစ်သောကြောင့် အချိန်ကာလတိုတခုအတွက် သီးသီးသန့်သန့် ပြုလုပ်သော အကဲဖြတ်မှုများအတွက် ကန့်သတ်ချက်များ ရှိနိုင်သည်။

## မြေပုံ-၇။ ။မိုးမောက်ဒေသ၏ မြေမျက်နှာသွင်ပြင် ပြောင်းလဲမှုများ

၂၀၁၈ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အတွင်း မိုးမောက်မြို့နယ်၌ မြေရှားလုပ်ကွက်များ တိုးချဲ့လာပုံအဆင့်ဆင့်ကို အောက်ဖော်ပြပါပုံများတွင် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။




၂၀၁၈




၂၀၁၉




၂၀၂၀

**၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၉ ရက်**အထိ ရရှိသော အချက်အလက်များဖြစ်သည်။ Google ဂြိုဟ်တုဓာတ်ပုံများ ကို အသုံးပြုကာ ISP-Myanmar က သုတေသနပြုလေ့လာထားသော အချက်အလက်များ ဖြစ်သည်။ ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ Google ဂြိုဟ်တုဓာတ်ပုံများသည် ဂြိုလ်တုများကတဆင့် အကြိမ်များစွာဖြတ်သန်းရိုက်ကူးထားသော ဓာတ်ပုံများကို ပေါင်းစပ်ထားခြင်းဖြစ်သောကြောင့် အချိန်ကာလတိုတခုအတွက် သီးသီးသန့်သန့် ပြုလုပ်သော အကဲဖြတ်မှုများအတွက် ကန့်သတ်ချက်များ ရှိနိုင်သည်။

ဖြစ်ရပ်တွေလည်း ရှိခဲ့ပါတယ်။ ချီဖွေချောင်းက ရေအားလျှပ်စစ်စက်ရုံမှာရှိတဲ့ တာဘိုင်ရဟတ်စက်တွေတောင် ရေညစ်ညမ်းမှုကြောင့် ပျက်စီးခဲ့ရပါတယ်။[၄] မိုးမောက်မြို့နယ်မှာဆိုရင်လည်း တာပိန်မြစ်တလျှောက် သတ္တုတူးဖော်မှုတွေကြောင့် ရေအရည်အသွေး လျော့ကျလာပြီး ငါးအရေအတွက် လျော့နည်းလာပါတယ် (မြေပုံ-၅ နဲ့ ၇ ကိုကြည့်ပါ)။ ငါးမျိုးစိတ်တွေလည်း အရင်ကထက် နည်းပါးလာပါတယ်။ ဒါ့အပြင် မြေရှားသတ္တုလုပ်ကွက်တွေအနီးက ကျွဲ၊ နွားတွေမှာ ပုံမမှန်တဲ့ ကြွက်သားဖောင်းကားမှုတွေ၊ အကျိတ်နဲ့ဆင်တူတဲ့ အဖုအပိန့်တွေ ဖြစ်လာတယ်လို့ ဒေသခံတွေက ပြောဆိုကြပါတယ်။[၅]

ဒါ့အပြင် မြေရှားသန့်စင်တဲ့ လုပ်ငန်းစဉ်ကြောင့် လေထုညစ်ညမ်းမှုကိုလည်း သိသိသာသာ ခံစားကြရပါတယ်။ မြေရှားကုန်ကြမ်းတွေကို သန့်စင်တဲ့အခါ အလွန်မြင့်တဲ့ အပူချိန်မှာ အက်ဆစ်တွေနဲ့ လောင်ကျွမ်းစေတဲ့အတွက် မီးခိုးနဲ့ အငွေ့တွေ ထွက်လာပြီး လေထုညစ်ညမ်းမှု ဖြစ်စေပါတယ်။ ချီဖွေနဲ့ မိုးမောက်မြို့နယ်က ဒေသခံတွေကတော့ ဒီလိုလေထုညစ်ညမ်းမှုကြောင့် သီးနှံအထွက်နှုန်းနဲ့ သီးနှံအရည်အသွေး ကျဆင်းလာတယ်လို့ ဆိုကြပါတယ်။[၆] ဒီစိုးရိမ်မှုတွေ ရှိနေပေမဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အတိုင်းအဆကို သိပ္ပံနည်းကျ စောင့်ကြည့်နိုင်ဖို့ကတော့ စိန်ခေါ်မှုကြီးတခု ဖြစ်နေပါတယ်။ မြေရှားလုပ်ကွက်အများစုဟာ ဝေးလံခေါင်ဖျားက တောင်တန်းဒေသတွေမှာ ရှိနေကြပြီး လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုတွေကြောင့် သွားရောက်လေ့လာလို့ မရနိုင်ပါဘူး။ ဒီပိတ်ပင်မှုတွေကြောင့် အရပ်ဘက် အဖွဲ့အစည်းတွေအနေနဲ့ သတ္တုတူးဖော်မှုကြောင့် ဖြစ်လာတဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတွေကို လွတ်လွတ်လပ်လပ် စောင့်ကြည့်အကဲဖြတ်ဖို့ ခက်ခဲပါတယ်။

## ၉.၂။ ဒေသခံများနှင့် လုပ်သားများ ရင်ဆိုင်ရသော ကျန်းမာရေးပြဿနာများ

မြေရှားတူးဖော်မှုတွေကြောင့် ကျန်းမာရေးအရ အပြင်းထန်ဆုံး ထိခိုက်ခံရသူတွေကတော့ မြေရှားလုပ်သားတွေပဲ ဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာသုံးတဲ့ တူးဖော်နည်းတွေဟာ တရုတ်မှာ သုံးတဲ့နည်းတွေနဲ့ အတော်လေး ဆင်တူတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် 'အရည်ဖျော် စစ်ထုတ်တဲ့ လုပ်ငန်းစဉ်' (in-situ leaching) လို့ ခေါ်တဲ့ နည်းလမ်းကို အသုံးပြုပါတယ်။ ဒီနည်းအရ မြေရှားဒြပ်စင်တွေ ထုတ်ယူဖို့ အမိုနီယမ်ဆာလဖိတ် (ammonium sulphate) နဲ့ အောက်ဆလစ်အက်ဆစ် (oxalic acid) လို ဓာတုပစ္စည်းတွေကို မြေကြီးထဲ တိုက်ရိုက်

[၄] ချီဖွေမြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။
[၅] မိုးမောက်မြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။
[၆] မိုးမောက်နှင့် ချီဖွေမြို့နယ်များမှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။

ထည့်သွင်းရပါတယ်။ ဒီဓာတုပစ္စည်းတွေဟာ ကျန်းမာရေးအတွက် အန္တရာယ်များပါတယ်။ ဒီပစ္စည်းတွေနဲ့ ကြာရှည်ထိတွေ့ရရင် လူ့ခန္ဓာကိုယ်ထဲကို ဖြည်းဖြည်းချင်း စိမ့်ဝင်သွားနိုင်လို့ ဖြစ်ပါတယ်။ ဓာတုပစ္စည်းတွေကို တိုက်ရိုက်ကိုင်တွယ်ရတဲ့ အန္တရာယ်အများဆုံး အလုပ်မျိုးတွေကို မြန်မာနိုင်ငံသားတွေက လုပ်ရလေ့ရှိတယ်လို့ ဒေသခံလူထုတွေနဲ့ အုပ်စုဖွဲ့ဆွေးနွေးမှုတွေအရ သိရပါတယ်။[၇] သင့်တော်တဲ့ လုပ်ငန်းခွင်ဘေးကင်းရေး အစီအမံတွေလည်း မရှိပါဘူး။ ဓာတုပစ္စည်းတွေနဲ့လည်း ကြာရှည်ထိတွေ့နေရပြန်တာကြောင့် ဒီအလုပ်သမားတွေမှာ နာတာရှည်ကျန်းမာရေး ပြဿနာတွေ တိုးလို့ဖြစ်ပေါ်နေကြပါတယ်။

တွေ့ဆုံမေးမြန်းမှုတွေမှာ ချီဖွေနဲ့ မိုးမောက်မြို့နယ်တွေက ဒေသခံတွေရဲ့ ဖြေကြားချက်တွေအရ မြေရှားလုပ်သားတချို့မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာနဲ့ အဆုတ်ရောဂါတွေ ခံစားနေရတယ်လို့ သိရပါတယ်။ မြေရှားတူးဖော်ရာမှာ အသုံးပြုတဲ့ အန္တရာယ်ရှိ ဓာတုပစ္စည်းတွေနဲ့ ထိတွေ့ရတာကြောင့် ဖြစ်ပေါ်တာလို့ ယူဆကြပါတယ်။ မြေရှားလုပ်ကွက်တွေမှာ အလုပ်လုပ်ခဲ့ဖူးတဲ့ အလုပ်သမား အများစုဟာ နာတာရှည်ပင်ပန်းနွမ်းနယ်မှုလို ကျန်းမာရေးပြဿနာတွေကို ဆက်လက်ခံစားနေရပါတယ်။ ဆေးဖိုးဝါးခ ကုန်ကျစရိတ်များပြားတာ၊ ကိုယ်လက်ကျန်းမာရေး ယိုယွင်းလာတာတွေကြောင့် အခြားအလုပ်အကိုင် ရှာဖွေဖို့လည်း ခက်ခဲလာပါတယ်။ မြေရှားတူးဖော်မှုကြောင့် ဖြစ်ပေါ်တဲ့ လေထုနဲ့ ရေထုညစ်ညမ်းမှုတွေကို ဒေသခံလူထုက နေ့စဉ်ထိတွေ့သုံးစွဲနေရပြီး ကြီးမားတဲ့ ကျန်းမာရေးပြဿနာတွေကို ရင်ဆိုင်နေကြရပါတယ်။ မိုင်ဂျာယန်မြို့အနီးက အင်ခေါင်းပါကျေးရွာမှာ မြေရှားလုပ်ကွက်တွေက စွန့်ပစ်တဲ့ ဓာတုပစ္စည်းတွေဟာ နမ့်ဖတ်ချောင်းထဲ စီးဝင်သွားပြီး ဒေသခံတွေမှာ အရေပြားရောဂါတွေ ဖြစ်ပွားခဲ့ပါတယ်။[၈] အလားတူပဲ၊ မိုးမောက်မြို့နယ်၊ လခွမ်းဘွမ်ကျေးရွာအနီးက ဒေသခံပြည်သူတွေဟာလည်း ကျေးရွာတဝိုက်မှာရှိတဲ့ မြေရှားလုပ်ကွက်တွေကနေ ဖြစ်ပေါ်လာတဲ့ ညစ်ညမ်းမှုတွေကြောင့် အရေပြားယားယံတာတွေ ခံစားနေရတယ်လို့ ဆိုကြပါတယ်။[၉]

မြေရှားကြောင့်ဖြစ်လာတဲ့ ထိခိုက်မှုတွေကြောင့် ငွေကြေးတတ်နိုင်တဲ့သူတွေကတော့ မြစ်ကြီးနားလို မြို့ကြီးတွေကို အိုးအိမ်စွန့်ပစ် ပြောင်းရွှေ့နိုင်ခဲ့ကြပေမဲ့ ဆင်းရဲသူတွေကတော့ ညစ်ညမ်းနေတဲ့ ပတ်ဝန်းကျင်ထဲမှာပဲ ဆက်လက်နေထိုင်ရှန်းကန်နေရပြီး ရောဂါဝေဒနာတွေကို ခံစားနေကြရပါတယ်။ သတ္တုတူးဖော်ရာဒေသတွေမှာ ဖြစ်ပေါ်နေတဲ့ ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုတွေကို အလွယ်တကူ မြင်နိုင်ပေမဲ့ လေစီးကြောင်း၊ ရေလမ်းကြောင်းတွေ

[၇] မိုးမောက်နှင့် ချီဖွေမြို့နယ်များမှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။
[၈] RFA Burmese, 2023.
[၉] မိုးမောက်မြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။

- ကတဆင့် ဘယ်လောက်အထိ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့သွားတယ်ဆိုတာကိုတော့ စနစ်တကျ လေ့လာမှု မပြုဘဲ သိနိုင်ဖို့ ခက်ခဲပါတယ်။ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ဝင်ရောက်ခွင့် ကန့်သတ်ချက်တွေကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို တိတိကျကျ အကဲဖြတ်ဖို့ မလွယ်ကူတဲ့ အခြေအနေ ဖြစ်ပါတယ်။

## ၉.၃။ မျိုးဆက်ပွားကျန်းမာရေးအပေါ် ထိခိုက်သက်ရောက်မှုများ

မြေရှားတူးဖော်မှုတွေဟာ အမျိုးသမီးတွေရဲ့ မျိုးဆက်ပွားကျန်းမာရေးနဲ့ မိခင်ကျန်းမာရေး အတွက် သိသာထင်ရှားတဲ့ ဆိုးကျိုးတွေ ဖြစ်ပေါ်စေပါတယ်။ ဒီသတ္တုတွေကို တူးဖော်ပြီး သန့်စင်တဲ့အခါမှာ အဆိပ်သင့်သတ္တုတွေ၊ ရေဒီယိုသတ္တိကြွပစ္စည်းတွေစတဲ့ အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းတွေကို ပတ်ဝန်းကျင်ထဲ ထုတ်လွှတ်လိုက်ပါတယ်။ ဒီညစ်ညမ်းပစ္စည်းတွေဟာ လေထု၊ ရေထုနဲ့ မြေထုကို ဆက်လက်ညစ်ညမ်းစေပြီး ညစ်ညမ်းတဲ့လေကို ရှူရှိုက်မိတာ၊ ညစ်ညမ်းတဲ့ရေကို သောက်သုံးမိတာ၊ ညစ်ညမ်းတဲ့ အစားအစာတွေကို စားသုံးမိတာတွေ ကနေ အနီးအနားက ရပ်ရွာလူထုတွေဟာ ဒီညစ်ညမ်းပစ္စည်းတွေကို ထိတွေ့မိကြပါတယ်။ အမျိုးသမီးအလုပ်သမားတွေမှာလည်း ကိုယ်ဝန်ပျက်ကျမှုတွေ သိသိသာသာ မြင့်တက်လာ တယ်လို့ ချီဖွေဒေသခံ ပြည်သူတွေက ပြောပြကြပါတယ်။[၁၀] မြေရှားသတ္တုတူးဖော်မှုနဲ့ ဆက်စပ်တဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ရတာလို့ သူတို့က ယူဆကြပါတယ်။

အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေနဲ့ ကလေးတွေအတွက် ကျန်းမာရေးအန္တရာယ် တွေ ပြင်းထန်တယ်လို့ အုပ်စုဖွဲ့ဆွေးနွေးမှုတခုမှာ ဒေသခံပြည်သူတွေက အလေးပေး ပြောဆို ခဲ့ပါတယ်။ ဒါကြောင့် သတ္တုလုပ်ကွက်နေရာတွေအနီးမှာ နေထိုင်တဲ့ပြည်သူတွေကို ကာကွယ် ဖို့နဲ့ ဘေးကင်းရေးအစီအမံတွေ ပိုမိုခိုင်မာအောင်လုပ်ဖို့ အရေးတကြီး လိုအပ်တယ်လို့ ဆို ကြပါတယ်။ ဒါပေမဲ့ ထိခိုက်ခံရတဲ့ အမျိုးသမီးဦးရေကို တိတိကျကျ အချက်အလက်ကောက် ယူဖို့ဆိုရင် သိပ္ပံနည်းကျ စောင့်ကြည့်လေ့လာမှုတွေနဲ့ ယုံကြည်စိတ်ချရတဲ့ အချက်အလက် စုဆောင်းမှုတွေ ပြုလုပ်ဖို့ လိုအပ်ပါတယ်။

[၁၀] ချီဖွေမြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။

## ၁၀။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ

မြေရှားတူးဖော်မှုကြောင့် မြေဆီလွှာ ပျက်စီးမှု၊ သက်မွေးဝမ်းကျောင်းလုပ်ငန်း ဆုံးရှုံးမှုတွေကနေ လူမှုရေးနဲ့ စီးပွားရေး ထိခိုက်သက်ရောက်မှုတွေကို တရုတ်နိုင်ငံမှာ အရင်ကတည်းက ကြုံတွေ့ခဲ့ရဖူးပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံ အတွင်းမွန်ဂိုးလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ အတွင်းမွန်ဂိုးလီးယားဒေသ ပေါင်ထိုမြို့မှာ အခြေစိုက်တဲ့ ပေါင်ထိုသံမဏိကုမ္ပဏီ (Baotou Iron and Steel Company) က ၁၉၅၈ ခုနှစ်မှာ အကြီးစား မြေရှားတူးဖော်မှုတွေ စတင်ခဲ့ပါတယ်။ တူးဖော်မှုစတင်ပြီး နှစ် ၂၀ အတွင်း မြေရှားလုပ်ကွက်တွေအနားက ကျေးရွာတွေမှာ စိုက်ပျိုးရေးလုပ်ငန်းတွေ သိသိသာသာ ကျဆင်းသွားခဲ့ပြီး သီးနှံပင်တွေ မအောင်မြင်တာ၊ အထွက်နှုန်းကျဆင်းတာတွေ ကြုံတွေ့ခဲ့ရပါတယ်။ နောက်ဆုံးမှာ ဒေသခံတွေရဲ့ ရပ်ရွာတွေ ပျက်သုဉ်းခဲ့ရပါတယ်။[၁၁]

မြေရှားတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ယိုယွင်းတဲ့အပြင် ဒေသခံလူထုအပေါ် လူမှုရေးနဲ့ စီးပွားရေးအရ ကြီးမားတဲ့ ထိခိုက်သက်ရောက်မှုတွေ ဖြစ်ပေါ်စေတာကို တွေ့ရပါတယ်။ မြေရှားလုပ်ကွက်တွေရှိတဲ့ မိုးမောက်နဲ့ ချီဖွေမြို့နယ်က ဒေသခံတွေ၊ တက်ကြွလှုပ်ရှားတဲ့ လူထုခေါင်းဆောင်တွေနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို ISP-Myanmar အနေနဲ့ အခုသုတေသနအတွက် မေးမြန်းခဲ့ပါတယ်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတွေ၊ လက်နက်ကိုင်အဖွဲ့တွေရဲ့ ဖိအားပေးမှုတွေကြောင့် ဒေသခံလူထုရဲ့ လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ တည်ငြိမ်မှုဟာ ဘယ်ရွေ့ဘယ်မျှ ပြင်းပြင်းထန်ထန် ရိုက်ခတ်ခံနေရတယ်ဆိုတာကို အခုလေ့လာမှုကနေ မီးမောင်းထိုးပြလိုပါတယ်။ ဒီရိုက်ခတ်မှုတွေကြောင့် လူ့အသိုင်းအဝိုင်းအတွင်း လူမှုပဋိပက္ခတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါ့အပြင် မြေရှားတူးဖော်ရာ ဒေသတွေမှာ မူးယစ်ဆေးဝါး သုံးစွဲမှုနဲ့ လူမှုရေးပြဿနာတွေ များပြားလာခြင်းကလည်း မြေရှားလုပ်ငန်းရဲ့ ဆိုးကျိုးတွေကြောင့် ဖြစ်ပေါ်လာပြီး လူ့အဖွဲ့အစည်းအလိုက် နက်နက်ရှိုင်းရှိုင်း ရင်ဆိုင်ကြရတဲ့ စိန်ခေါ်မှုတွေကို ပြည့်ွန်းနေပါတယ်။

စစ်အာဏာသိမ်းပြီးနောက် မိုးမောက်မြို့နယ်နဲ့ မံစီမြို့နယ်က ကျေးရွာတွေမှာ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA) ဟာ မြေရှားတူးဖော်မှုတွေကို သိသိသာသာ တိုးချဲ့ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေဟာ လက်နက်ကိုင်အဖွဲ့တွေနဲ့ ဆက်စပ်စီးပွားရေးလုပ်ငန်းတွေအတွက် ဝင်ငွေရရှိစေခဲ့ပေမဲ့ ရေရှည်လူမှုစီးပွားဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးတွေကိုတော့ ဒေသခံပြည်

[၁၁] Bontron, 2012.

သူတွေက ခံစားကြရပါတယ်။ ဒီမြေရှားတူးဖော်မှုတွေကြောင့် စီးပွားရေးမတည်ငြိမ်မှု၊ လူ့အဖွဲ့အစည်းလျော့ရဲပြိုကွဲမှုတွေ အဖြစ်များလာပြီး လုံခြုံရေးအန္တရာယ်တွေ တိုးများလာတယ်လို့ သက်ရောက်ထိခိုက်ခံရတဲ့ ကျေးရွာလူထုတွေက ဆိုကြပါတယ်။ ဒါ့အပြင် မြေရှားတူးဖော်မှုနဲ့ ရောင်းဝယ်မှုမှာ ပါဝင်တဲ့ တရုတ်ကုမ္ပဏီတွေနဲ့ KIO/KIA အာဏာပိုင်တွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပြုလုပ်တယ်ဆိုတဲ့ စွပ်စွဲမှုတွေလည်း အများအပြား ရှိနေပါတယ်။ မြေရှားတူးဖော်မှုတွေကို တိုးချဲ့လာတာကြောင့် ဒေသခံလူထုဟာ မိရိုးဖလာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေနဲ့ ဘိုးဘွားပိုင်လယ်ယာမြေတွေကို ဆုံးရှုံးကြရပါတယ်။ မြေရှားလုပ်ကွက်တွေက ထွက်လာတဲ့ ဓာတုစွန့်ပစ်ပစ္စည်းတွေကြောင့် မြေဆီလွှာညစ်ညမ်းလာတဲ့အတွက် ဒေသတွင်း အစဉ်အဆက်စိုက်ပျိုးလာခဲ့တဲ့ သီးနှံတွေကို တရုတ်နိုင်ငံကို တင်ပို့လို့ မရနိုင်တော့ဘူးလို့ မိုးမောက်နဲ့ မံစီမြို့နယ်တွေက ဒေသခံတွေက ဆိုကြပါတယ်။ မြေရှားတင်ပို့မှု အများဆုံးဖြစ်တဲ့ ချီဖွေမြို့နယ်က ဒေသထွက် သစ်ကြားသီး၊ ချဉ်စော်ကားသီးနဲ့ စီချွမ်ငရုတ်ကောင်းတို့ကိုဆိုရင် ထိခိုက်မှု ရှိ၊ မရှိ သိပ္ပံနည်းကျစစ်ဆေးမှု လုပ်ထားတာမျိုး မရှိပေမယ့် တရုတ်ကုန်သည်တွေက မဝယ်ယူကြတော့ပါဘူး။

တရုတ်ကုန်သည်တွေဟာ မြေရှားတူးဖော်ရာဒေသအနီး ငါးမိုင်အတွင်းမှာ စိုက်ပျိုးတဲ့ သီးနှံတွေကို မဝယ်ယူကြတော့ဘူးလို့ ISP-Myanmar က စီစဉ်တဲ့ အုပ်စုဖွဲ့ဆွေးနွေးမှုတွေမှာ ချီဖွေဒေသခံတွေက ပြောပြကြပါတယ်။[၇၂] ဒီလိုဖြစ်ရပ်တွေကြောင့် လယ်ယာစိုက်ပျိုးရေးကို အဓိကထား အသက်မွေးဝမ်းကျောင်းပြုတဲ့ ဒေသခံတွေကို စီးပွားရေးအရ ပိုမိုကျပ်တည်းလာစေပါတယ်။ မိသားစုတနိုင်တပိုင် စိုက်ပျိုးကြတဲ့ လယ်သမားတွေအတွက် သိသာတဲ့ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ အချိန်ကြာလာတာနဲ့အမျှ စိုက်ပျိုးလုပ်ငန်းကို ဆက်မလုပ်နိုင်တော့ဘဲ လယ်ယာမြေတွေကို တရုတ်ကုမ္ပဏီတွေဆီ အများအားဖြင့် ရောင်းချကြရပြီး အခြားနည်းနဲ့ ရှင်သန်ဖို့ မိမိရပ်ရွာကို စွန့်ခွာကာ အခြားဒေသတွေကို ပြောင်းရွှေ့နေရပါတယ်။ မြေရှားတူးဖော်ရာ ဒေသက ဒေသခံပြည်သူတွေ ဘယ်လောက်အထိ လူမှုစီးပွားအရ ဆိုးဆိုးရွားရွား ချည့်နဲ့ကျပ်တည်းလာတယ် ဆိုတာကို ဒီဖြစ်ရပ်တွေက မီးမောင်းထိုးသပြနေပါတယ်။

မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ ထိခိုက်လာတဲ့အပြင် မြေရှားတူးဖော်ရာ ဒေသတွေမှာ မွေးမြူရေးလုပ်ငန်းတွေလည်း ရပ်တန့်သွားခဲ့ပါပြီ။ မြေရှားလုပ်ကွက်တွေ အနီးက မြစ်ချောင်းတွေမှာ ဓာတ်ပျော်ဝင်မှုနဲ့ ရေထုညစ်ညမ်းမှု တိုးလာတယ်လို့ ဒေသခံပြည်သူတွေက ပြောပါတယ်။ ဒီမြစ်ချောင်းထဲကရေကို လူရော တိရစ္ဆာန်ပါ အသုံးပြုလို့ မရနိုင်တော့ပါဘူး။

၇၂ ချီဖွေမြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။

ညစ်ညမ်းရေကို သောက်သုံးမိတဲ့ ကျွဲနွားတွေဟာ ရောဂါနဲ့ သေဆုံးကြရပြီး ဒေသခံတွေရဲ့ မွေးမြူရေးလုပ်ငန်းတွေလည်း အများအပြား ပျက်စီးဆုံးရှုံးကြရပါတယ်။ အိမ်ထောင်စုများစွာအဖို့ ဘဝရှင်သန်ရေးအတွက် အဓိကကျပြီး ရေရှည်ရပ်တည်လာခဲ့ကြတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပတ်ဝန်းကျင်ဆိုင်ရာ ဆင့်ပွားဆိုးကျိုးတွေကြောင့် ရပ်စဲလိုက်ကြရပါတယ်။ ကချင်တပြည်နယ်လုံးက လုပ်ကွက်တွေမှာ ဆင်တူတဲ့ လူမှုစီးပွားထိခိုက်မှုတွေ တွေ့ရပါတယ်။ ရှင်သန်နေထိုင်ရာမြေတွေ အများအပြား ပျက်စီးသွားတာကြောင့် ဒေသခံတွေအဖို့ ဘိုးဘွားပိုင်မြေတွေ ယိုယွင်းသွားတာ၊ ဆုံးရှုံးသွားတာတွေ ဖြစ်ပေါ်ခဲ့ပြီး မိရိုးဖလာ သက်မွေးဝမ်းကျောင်းမှုတွေကို စွန့်လွှတ်ခဲ့ရပါတယ်။ နောက်ဆက်တွဲအနေနဲ့ ဒေသခံအများစုဟာ နေရပ်စွန့်ခွာပြီး တခြားဒေသတွေကို ပြောင်းရွှေ့တာ၊ မြေရှားလုပ်ကွက်တွေမှာ အလုပ်ကြမ်းသမားအဖြစ် ဝင်လုပ်ရတာတွေ ရှိလာပါတယ်။ ဥပမာ အင်ခေါင်းပါ၊ မုန်ခါ၊ ကျရီ၊ မထောင်၊ ရှကိုင်၊ ကောင်ဂျာယန်၊ ရန်ဟူဒုန်းလို ရွာတွေမှာ ဒီလိုဖြစ်ရပ်တွေ ဖြစ်ခဲ့ပါတယ်။

မိုးမောက်မြို့နယ်မှာဆိုရင် မြေရှားလုပ်ကွက်တွေ တိုးချဲ့လာတာကြောင့် ဒေသခံအများစု နေရပ်စွန့်ခွာခဲ့ရတယ်။ နေရပ်မစွန့်ဘဲ ကျန်နေခဲ့တဲ့သူတွေကတော့ မြေရှားတူးဖော်ရေး လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ကြရပါတယ်။ တောထဲမှာ ဝါး၊ ထင်းရှာပြီး မြေရှားလုပ်ကွက်တွေဆီ ပေးပို့တာ၊ မိုင်ဂျာယန်နဲ့ လွယ်ဂျယ်လို အနီးအနားကမြို့တွေမှာ အစားအသောက်တွေ ရောင်းတာ၊ တရုတ်ပိုင်တဲ့ မြေရှားကုမ္ပဏီတွေမှာ အလုပ်သမားအဖြစ် လုပ်ကိုင်တမျိုးတွေ လုပ်ကြရပါတယ်။ မြေရှားတူးဖော်မှုတွေ တိုးချဲ့လာတဲ့အတွက် ဒေသတွင်း လူမှုစီးပွားအဆောက်အအုံမှာ သိသာတဲ့ ပြောင်းလဲမှုတွေ ဖြစ်လာတာကို ဒီဖြစ်ရပ်တွေကနေ မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

## ၁၀.၁။ မြေရှားတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသည့် လူမှုပဋိပက္ခများ

မြေရှားတူးဖော်မှုတွေကြောင့် မြေယာရောင်းဝယ်မှု၊ နေရပ်စွန့်ခွာပြောင်းရွှေ့ရမှုနဲ့ လျော်ကြေးငွေ မမျှတမှုစတဲ့ ကိစ္စရပ်တွေအပေါ် အခြေခံပြီး ကုမ္ပဏီတွေနဲ့ ဒေသခံတွေအကြား လူမှုရေးပဋိပက္ခတွေ ဖြစ်ပွားလေ့ရှိပါတယ်။ ဖြစ်စဉ်အများစုမှာ ဒေသအာဏာပိုင်တွေက ဒေသခံတွေကို ပွင့်လင်းမြင်သာမှု မရှိတဲ့ အဓမ္မညှိနှိုင်းမှုတွေကတဆင့် အတင်းအကျပ်ဖိအားပေးပြီး မြေယာရောင်းချခိုင်းတာ၊ လွှဲပြောင်းခိုင်းတာတွေ ဖြစ်ပွားခဲ့ပါတယ်။ ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်တွေဟာ လျော်ကြေးငွေပေးချေမှုတွေမှာ အဂတိလိုက်စားမှု ရှိတယ်လို့ စွပ်စွဲခံကြရပြီး ပြည်သူတွေအကြား မကျေလည်မှုနဲ့ အငြင်းပွားမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

အရင်က ကချင်ဒီမိုကရေစီသစ်တပ်မတော် (NDA-K) ထိန်းချုပ်ထားတဲ့ ချီဖွေမြို့နယ်လို နယ်မြေတွေမှာရော အခု ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ထိန်းချုပ်ထားတဲ့ မိုးမောက်နဲ့ မံစီမြို့နယ်အပါအဝင် ဒေသတွေမှာပါ ပဋိပက္ခတွေ အသွင်စုံ ပေါ်ပေါက်လာပါတယ်။ ပဋိပက္ခတွေကို ရွာသားတွေနဲ့ ဒေသအာဏာပိုင်တွေကြား တင်းမာမှု၊ တရုတ်အလုပ်ရှင်တွေနဲ့ ဒေသခံအလုပ်သမားတွေအကြား အငြင်းပွားမှု၊ အလုပ်သမားတွေနဲ့ ဒေသခံတွေကြားက ပုဂ္ဂိုလ်ရေးပဋိပက္ခအဖြစ် သုံးမျိုး ခွဲခြားနိုင်ပါတယ်။ မြေရှားလုပ်ငန်းတွေ ကျယ်ပြန့်လာတာနဲ့အတူ ရပ်ရွာလူထု စည်းလုံးညီညွတ်မှု လျော့ရဲပြီး လူမှုပဋိပက္ခတွေ မြင့်တက်လာတာပဲ ဖြစ်ပါတယ်။ KIA တပ်ဖွဲ့ ထိန်းချုပ်ထားတဲ့ နယ်မြေတွေမှာ မြေရှားတူးဖော်ဖို့အတွက် ခွင့်ပြုမိန့်ကို ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ဗဟိုကော်မတီက ထုတ်ပေးပါတယ်။ တရုတ်ကုမ္ပဏီတွေအနေနဲ့ ဒီကော်မတီဆီက တရားဝင်ခွင့်ပြုမိန့် ရပြီးနောက်မှာ နယ်မြေအလိုက် တပ်ရင်းတွေ၊ တပ်မဟာတွေဆီကို ဗဟိုကော်မတီက လုပ်ပိုင်ခွင့်လွှဲပေးလိုက်ပါတယ်။ တရုတ်ကုမ္ပဏီတွေဟာ KIO/KIA ဆီက ခွင့်ပြုမိန့်ရပြီးတာနဲ့ မြေရှားတူးဖော်ဖို့အတွက် ဒေသခံလူထုရဲ့ သဘောတူညီမှုကို ရယူပြီး မြေယာအသုံးပြုခွင့်အတွက် လျော်ကြေးငွေ ပေးဆောင်ရပါတယ်။

ဒါပေမဲ့ KIO ဗဟိုကော်မတီနဲ့ လက်အောက်ခံတပ်ရင်းတပ်ဖွဲ့တွေဟာ မြေရှားတူးဖော်ရေးအတွက် မြေယာလွှဲပြောင်းရေးမှာ ရွာသားတွေ သဘောတူစေဖို့ ဖိအားပေးလေ့ရှိတယ်လို့ ဒေသခံတွေက ထောက်ပြခဲ့ကြပါတယ်။ ကျေးရွာတွေမှာ နေထိုင်တဲ့ KIO/KIA အဖွဲ့ဝင်တွေ[၁၃]၊ အုပ်ချုပ်ရေး အရာရှိတွေက တရုတ်ကုမ္ပဏီတွေနဲ့ ရွာသားတွေအကြားမှာ ကြားခံပွဲစားအဖြစ် ဆောင်ရွက်ပြီး မြေယာရောင်းချဖို့ ရွာသားတွေကို မလျော်သြဇာသုံးပြီး အတင်းအကျပ် ဖိအားပေးကြပါတယ်။ ဒါ့အပြင် မြေယာလျော်ကြေးပေးတဲ့ လုပ်ငန်းစဉ်မှာလည်း တရားမျှတမှုနဲ့ ပွင့်လင်းမြင်သာမှု မရှိတာကြောင့် အငြင်းပွားမှုတွေ ဖြစ်ပေါ်လာခဲ့ပြီး လူမှုပဋိပက္ခအသွင် ဖြစ်ပေါ်လာစေပါတယ်။ မိုးမောက်မြို့နယ်မှာ ဒီလိုဖြစ်ရပ်သုံးခု ဖြစ်ပေါ်ခဲ့ပြီး မြေရှားတူးဖော်ရေးလုပ်ငန်းတွေရဲ့ လုပ်ဆောင်ပုံကြောင့် ဖြစ်ပေါ်လာတဲ့ လူမှုအသိုင်းအဝိုင်းကြားက တင်းမာမှုတွေရဲ့ သဘောသဘာဝကို ထင်ဟပ်ပြသနေပါတယ်။ မြေရှားတူးဖော်မှုကို ဒေသခံရွာသားတွေရဲ့ သဘောတူညီမှုရှိမှသာ အကောင်အထည်ဖော်မယ်ဆိုတဲ့ မူဝါဒကို KIO/KIA က ချမှတ်ထားပေမဲ့ မိုင်ဂျာယန်၊ အင်ခေါင်းပါနဲ့ မုန်ခါလို ဒေသတွေမှာ KIO/KIA တပ်မဟာ-၃ က မြေရှားလုပ်ကွက်ပေးဖို့ ဖိအားပေးတာတွေကို လူကိုယ်တိုင်ဖြစ်စေ၊ တရားဝင်စာထုတ်ပြီးဖြစ်စေ လုပ်ခဲ့တာတွေ ရှိပါတယ်။ ဒါပေမဲ့ မိုးမောက်မြို့နယ်က ဒေသခံတယောက်ရဲ့ ပြောပြချက်အရ

[၁၃] KIO/KIA အဖွဲ့အစည်းအတွင်း ဗဟိုအဆင့်မှနေ၍ ဒေသခံ လူထုအသိုက်အဝန်းအဆင့်အထိ ချိတ်ဆက်ထားသော ကေဒါကွန်ရက် (အုပ်ချုပ်ရေးလမ်းကြောင်း) တခု ရှိနေသည်။ အဖွဲ့ဝင်များသည် KIO အဖွဲ့၏ မူဝါဒများကို ဆော်သြခြင်း၊ ဒေသန္တရအုပ်ချုပ်ရေးစနစ် အကောင်အထည်ဖော်ခြင်း၊ ရန်ပုံငွေရှာဖွေခြင်း၊ စစ်ပွဲကာလ ထောက်ပံ့ပို့ဆောင်ရေးနှင့် လုံခြုံရေး စသည့်တာဝန်များ ထမ်းဆောင်ကြရသည်။ အဖွဲ့ဝင်တိုင်းသည် စစ်သားများ မဟုတ်ကြပေ။ အများစုသည် KIA တပ်ဖွဲ့ဝင်ဟောင်းများ ဖြစ်ကြသည်။

တော့ KIO/KIA ဟာ တရုတ်ကုမ္ပဏီဘက်က ကိုယ်စားလှယ်တွေ၊ ဒေသအခေါ် ‘လောပန်း’ (老板) ဒါမှမဟုတ် ‘သူဌေး’ လို့ ခေါ်ကြတဲ့သူတွေကို ဒေသခံရွာသားတွေနဲ့ ညှိနှိုင်းဖို့ မကြာခဏ တွန်းအားပေးလေ့ရှိတယ်လို့ ဆိုပါတယ်။[၁၄] ချီဖွေမြို့နယ်က ဖရဲကျေးရွာမှာတော့ စစ်ရှောင်သွားကြသူတွေရဲ့ မြေနေရာတွေကို အသိပေးအကြောင်းကြားတာမျိုး ဒါမှမဟုတ် မြေလျော်ကြေးငွေ ပေးဆောင်တာမျိုးမရှိဘဲ KIO/KIA က မြေယာသိမ်းယူခဲ့တဲ့အတွက် ဒေသခံရွာသားတွေနဲ့ KIO/KIA အကြား ပဋိပက္ခတွေ ဖြစ်ခဲ့ပါတယ်။[၁၅]

မြေရှားလုပ်ကွက်တွေ ပြိုကျမှုကြောင့် လူသေဆုံးတဲ့အခါ လျော်ကြေးအဖြစ် တရုတ်ယွမ် ၈၀,၀၀၀ (အမေရိကန် ဒေါ်လာအားဖြင့် ၁၁,၁၄၂ ခန့်)ကို ကုမ္ပဏီတွေကပေးပေမဲ့ သက်ဆိုင်ရာ ဗဟိုနဲ့ မြို့နယ်ရုံးတွေ အပါအဝင် အုပ်ချုပ်ရေးအဆင့်ဆင့်က ဖြတ်တောက်တာတွေကြောင့် ဒေသခံတွေမှာ နစ်နာဆုံးရှုံးတာတွေ ကြုံတွေ့ကြရပါတယ်။ ဒေသခံတွေ မကျေနပ်ဖြစ်စေတဲ့ အဓိကအကြောင်းအရင်းတခုကတော့ မြေရှားတူးဖော်မှုကနေ ရလာတဲ့ အမြတ်ငွေတွေကို ဘယ်လိုခွဲဝေအသုံးပြုလဲဆိုတာကို KIO/KIA အဖွဲ့အစည်းဘက်က ပွင့်လင်းမြင်သာမှု မရှိတာပဲ ဖြစ်ပါတယ်။ KIO/KIA က လုံခြုံရေးနဲ့ စစ်ရေးကို အကြောင်းပြပြီး စစ်ဘေးရှောင်တွေနဲ့ ဒေသခံ လူထုတွေကို မြေရှားတူးဖော်တဲ့ နေရာတွေကို ဝင်ခွင့်မပြုတာ၊ နေရပ်ပြန်ခွင့် ကန့်သတ်တာတွေကို ဆောင်ရွက်လေ့ ရှိပါတယ်။ ဒီအချက်ကြောင့် ဒေသခံ အသိုက်အဝန်းနဲ့ အာဏာပိုင်တွေအကြား ဆက်ဆံရေးတင်းမာမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

တရုတ်တူးဖော်ရေးကုမ္ပဏီတွေနဲ့ ဒေသခံတွေအကြား လူမှုပဋိပက္ခဖြစ်ရတဲ့ နောက်ထပ်အကြောင်းရင်းတွေကတော့ အဓိကအားဖြင့် မြေယာလျော်ကြေးပေးဆောင်ရာမှာ မမျှတလို့၊ ကုမ္ပဏီက ပွင့်လင်းမြင်သာမှု မရှိလို့၊ မြေယာလျော်ကြေး ပမာဏကို စံတခုထားပြီး တိတိကျကျ သတ်မှတ်မထားလို့ ဖြစ်ပါတယ်။ မြေတဧကမှာရှိတဲ့ အပင်အရေအတွက်နဲ့ အမျိုးအစားပေါ်မူတည်ပြီး မြေနဲ့ သီးနှံတွေအတွက် သတ်မှတ်ထားတဲ့ နှုန်းထားတွေ ရှိတယ်လို့ KIO/KIA တာဝန်ခံတွေက ပြောကြပေမဲ့ တိကျတဲ့ လျော်ကြေးငွေသတ်မှတ်မှုနှုန်းစံတရပ်ကို အများပြည်သူထံ တရားဝင်ထုတ်ပြန်ထားခြင်းမရှိဘဲ ဒေသခံတွေနဲ့သာ တိုက်ရိုက်ညှိနှိုင်းရလေ့ရှိပါတယ်။ လျော်ကြေးငွေသတ်မှတ်တဲ့နေရာမှာ စံနှုန်းသတ်မှတ်တာမျိုး မရှိတာကြောင့် ဒေသခံတွေနဲ့ ကုမ္ပဏီတွေအကြား အငြင်းပွားမှုတွေ ဖြစ်ပေါ်လာစေပါတယ်။ မြေရှားသတ္တုလုပ်ကွက်တွေ တူးဖော်ဖို့ မြေယာရောင်းချတာတွေကြောင့် မိသားစုဝင်တွေ၊ ကျေးရွာနေပြည်သူတွေအကြားမှာ အငြင်းပွားမှုတွေနဲ့ တင်းမာမှုတွေ ဖြစ်လာပါတယ်။ မြေရှားတူးတဲ့

[၁၄] မိုးမောက်မြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။
[၁၅] ချီဖွေမြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။

အပေါ် သဘောထား မတိုက်ဆိုင်တာတွေ၊ မြေရောင်းချဖို့အတွက် သဘောထားကွဲလွဲတာတွေ၊ မြေယာပိုင်ဆိုင်မှုနဲ့ ပတ်သတ်ပြီး တိကျတဲ့မူဝါဒ မရှိတာတွေကြောင့် ဒေသခံတွေအချင်းချင်းကြားမှာ သဘောထား ကွဲလွဲတာတွေ ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ရွာသားပေါ်မှာ ဩဇာလွှမ်းတဲ့ KIO/KIA အဖွဲ့ဝင်တွေနဲ့ ကြားခံပွဲစားတွေကြောင့် ရွာသားတွေနဲ့ တရုတ်ကုမ္ပဏီတွေအကြား ပဋိပက္ခတွေ မကြာခဏဖြစ်ပေါ်လေ့ရှိပါတယ်။ KIO/KIA က ချမှတ်ထားတဲ့ အခန်းကဏ္ဍတွေနဲ့ စည်းမျဉ်းတွေကို ဒေသခံရွာသားတွေဆီ ဆက်သွယ်ပြန်ကြားပေးဖို့ တာဝန်ပေးထားတဲ့ KIO/KIA အဖွဲ့ဝင်တွေဟာ ကျေးရွာအတွင်း ဩဇာအာဏာကြီးကြပါတယ်။ တရုတ်ကုမ္ပဏီတွေနဲ့ ဒေသခံတွေအကြား ကြားခံလုပ်တဲ့ KIO/KIA အဖွဲ့ဝင်တွေဟာ ကြားထဲက အကျိုးအမြတ် ရယူတာတွေ၊ ခေါင်းပုံဖြတ်တာတွေနဲ့ ပွင့်လင်းမြင်သာမှု မရှိတာတွေကြောင့် ဒီကေဒါတွေနဲ့ ဒေသခံလူထုအကြား၊ ဒေသခံလူထုအချင်းချင်းအကြားမှာ အငြင်းပွားမှုတွေ ဖြစ်လာကြပါတယ်။

ပြည်တွင်းစစ်ကြောင့် စစ်ရှောင်ခဲ့ရတဲ့ ကချင်လူမျိုးတွေနေထိုင်တဲ့ ချီဖွေမြို့နယ်နဲ့ ဖရဲကျေးရွာတို့ဟာ KIO/KIA က မြေရှားတူးဖော်ဖို့ ခွင့်ပြုထားတဲ့နေရာတွေ ဖြစ်ပါတယ်။ မြေရှားတူးဖော်မှု ကျယ်ပြန့်လာတာနဲ့အတူ စစ်ရှောင်ဒုက္ခသည်တွေကို မြေယာရောင်းချဖို့အတွက် ဖိအားပေးခဲ့ပါတယ်။ မြေယာရောင်းချမှုတွေကို များသောအားဖြင့် KIO/KIA က ခန့်အပ်ထားတဲ့ ဒေသခံ ပွဲစားတွေနဲ့ KIO/KIA ထိန်းချုပ်မှုအောက်မှာ လုပ်ကိုင်နေတဲ့ တရုတ်ကုမ္ပဏီတွေအကြား ညှိနှိုင်းမှုတွေကနေတဆင့် လုပ်ဆောင်ကြပါတယ်။ ဒီအရောင်းအဝယ်တွေဟာ မြေရှားတူးဖော်ရေးလုပ်ငန်းအတွက် တိုက်ရိုက်လျော်ကြေးပေးတာမျိုး မဟုတ်ဘဲ ပြင်ပဖိအားတွေကြောင့် မြေရောင်းဝယ်တာမျိုးပဲ ဖြစ်ပါတယ်။ ဇာတိကျေးရွာတွေကို ပြန်မသွားနိုင်တာ၊ စားဝတ်နေရေးအတွက် ငွေရေးကြေးရေး ပိုကျပ်တည်းလာတာတွေကြောင့် အသက်မွေးဝမ်းကျောင်းမှုအတွက် တချိန်က အားထားခဲ့ရတဲ့ မြေယာတွေကို ဒေသခံလူထုတွေဟာ KIO/KIA တာဝန်ခံတွေရဲ့ ဖိအားပေးမှုအောက်မှာ မကြာခဏဆိုသလို ရောင်းချလာကြရပါတယ်။

## ၁၀.၂။ မူးယစ်ဆေးဝါးအသုံးပြုမှုနှင့်လူမှုရေးပြဿနာများ

ချီဖွေနဲ့ မိုးမောက်မြို့နယ်တွေက မြေရှားတူးဖော်တဲ့နေရာတွေမှာ မူးယစ်ဆေးဝါးပြဿနာတွေနဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေဟာလည်း နောက်ဆက်တွဲအဖြစ် ဖြစ်ပွားလာပါတယ်။ တရုတ်နိုင်ငံသားတွေ ဦးဆောင်တူးဖော်နေတဲ့ မြေရှားလုပ်ကွက်တွေမှာ တရားမဝင် မူးယစ်ဆေးသုံးစွဲမှု ကျယ်ပြန့်လာတာ၊ အလုပ်သမားတွေကို မူးယစ်ဆေးပေးပြီး အလုပ်လုပ်

ခိုင်းတာတွေကြောင့် လုပ်ငန်းခွင်တွေမှာ မူးယစ်ဆေးဝါးပြဿနာ ကြီးမားလာပါတယ်။ စစ်အာဏာသိမ်းပြီးကတည်းက စီးကရက်၊ ဘိန်း၊ ယာဘ (စိတ်ကြွဆေး) နဲ့ ဘိန်းဖြူလို အရာတွေကို လူငယ်တွေနဲ့ အလုပ်သမားတွေကြားမှာ သုံးစွဲမှု ပိုများလာတာဖြစ်ပါတယ်။ တူးဖော်ရေးလုပ်ငန်းမှာ ပါဝင်တဲ့ တရုတ် 'လောပန်း' သူဌေးတွေက အလုပ်သမားတွေကို လုပ်ခလစာအဖြစ် မူးယစ်ဆေးပေးပြီး အလုပ်ခိုင်းစေမှုရှိတယ်လို့ ဒေသခံတယောက်က ပြောပါတယ်။ လူမှုအသိုက်အဝန်းအတွင်း မူးယစ်ဆေးသုံးစွဲမှု ထိတ်လန့်ဖွယ် မြင့်တက်လာစေတဲ့ အကြောင်းတရပ်လည်း ဖြစ်ပါတယ်။ အလုပ်သမားအများစုကလည်း ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုကို သက်သာစေဖို့၊ ပင်ပန်းတဲ့အလုပ်တွေကို ပိုကြာကြာလုပ်နိုင်ဖို့အတွက် ကိုယ့်သဘောနဲ့ကိုယ် မူးယစ်ဆေးတွေ သုံးကြတာလည်း ရှိပါတယ်။ အများစုက ဒီဆေးတွေကို သတိထားပြီး အသင့်အတင့် သုံးကြပေမဲ့ အလွန်အကျွံသုံးစွဲမှုတွေကြောင့် ဆိုးရွားတဲ့ ကျန်းမာရေးပြဿနာတွေကြုံနေရတဲ့ ဖြစ်ရပ်တွေလည်း ရှိပါတယ်။[၁၆] မူးယစ်ဆေးသုံးစွဲမှုကြောင့် နောက်ဆက်တွဲအဖြစ် လူသတ်မှု၊ ဓားထိုးမှု၊ လောင်းကစားနဲ့ အိမ်ထောင်ရေးပြဿနာတွေလို အကြမ်းဖက်ရာဇဝတ်မှုတွေ တိုးပွားလာပါတယ်။ ဒီလိုကိစ္စတွေကြောင့် ဒေသတွင်း လူမှုမတည်ငြိမ်မှုတွေ ပိုဆိုးလာစေပါတယ်။

တရုတ်ကုမ္ပဏီတွေက ဒေသခံအလုပ်သမားတွေ၊ အထူးသဖြင့် အမျိုးသမီးတွေကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်တာကလည်း နောက်ထပ်ဆိုးရွားတဲ့ ပြဿနာတခု ဖြစ်ပါတယ်။ မြေရှားလုပ်ကွက်တွေမှာ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနဲ့ အနိုင်ကျင့်မှုတွေ မကြာခဏဖြစ်ပွားလာပါတယ်။ မြေရှားလုပ်ကွက်တွေမှာ အလုပ်လုပ်ချင်တဲ့ အမျိုးသမီးတွေဟာ အလုပ်ရဖို့အတွက် ကုမ္ပဏီ ကြီးကြပ်ရေးမှူး၊ ကုမ္ပဏီအရာရှိတွေနဲ့ လိင်ဆက်ဆံဖို့ ဖိအားပေးခံခဲ့ရတဲ့ ဖြစ်စဉ်တွေ ရှိပါတယ်။ အလုပ်ရှာတဲ့ အမျိုးသမီးတွေဟာလည်း ဒေသအခေါ် 'အိပ်ရာခင်းအမျိုးသမီး' (ခန့်မယ့်အလုပ်က အမျိုးသားတွေနဲ့ လိင်ဆက်ဆံမှ အလုပ်ရတဲ့အတွက် ဒီလိုလုပ်ခဲ့ရတဲ့ အမျိုးသမီးတွေကို ခေါ်ဝေါ်တဲ့ ဒေသသုံး အသုံးအနှုန်း) လုပ်ဖို့ ဖိအားပေးခံရတာတွေတောင် ရှိနေပါတယ်။[၁၇] ဒီဖြစ်ရပ်တွေက ဒေသတွင်းမှာ လိင်အကြမ်းဖက်မှုနဲ့ အမြတ်ထုတ်မှု ကျယ်ပြန့်နေတာကို မီးမောင်းထိုးပြနေပါတယ်။

---

၁၆ မြစ်ကြီးနားသတင်းဂျာနယ်၊ ၂၀၂၂။
၁၇ ကချင်ပြည်နယ်မှ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။

## ၁၁။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု

မြေရှားတူးဖော်တဲ့ ဒေသတွေကို ထိန်းချုပ်ထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ဩဇာလွှမ်းမိုးမှုဟာ ဒေသခံလူထုရဲ့ လူမှုဘဝတွေမှာ အရေးပါတဲ့ အခန်းကဏ္ဍက ရှိနေပါတယ်။ ဒီလက်နက်ကိုင်အဖွဲ့တွေဟာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုတာဝန်ခံမှုကို ထိခိုက်စေတဲ့ လုပ်ဆောင်မှု အမျိုးမျိုးကို ပါဝင်လုပ်ဆောင်နေကြပါတယ်။ မြေရှားတူးဖော်ရေးလုပ်ငန်းနဲ့ ဆက်စပ်တဲ့ မူဝါဒတွေနဲ့ပတ်သက်ပြီး ဒေသခံတွေနဲ့ ညှိနှိုင်းဆွေးနွေးမှု မရှိတဲ့အပြင် မြေရှားလုပ်ငန်းတွေကို အကောင်အထည် ဖော်တဲ့အခါမှာလည်း ဒေသခံလူထုကို ကြိုတင်အသိပေးတာ၊ တိုင်ပင်ဆွေးနွေးတာတွေ မရှိပါဘူး။ ဒါ့အပြင် ဒေသခံတွေကို လက်နက်ကိုင်အဖွဲ့တွေက ဖိအားပေးခြိမ်းခြောက်တာတွေ၊ အကျပ်ကိုင်တာတွေ လုပ်လေ့ရှိပါတယ်။ ဒီလိုလုပ်တဲ့အခါ ဒေသခံတွေမှာ အခြားရွေးချယ်စရာမရှိသလို သူတို့ရဲ့စိုးရိမ်ပူပန်မှုတွေကိုလည်း ထုတ်ဖော်ပြောဆိုဖို့ အခွင့်အလမ်းလည်း မရှိပါဘူး။ လက်နက်ကိုင်အဖွဲ့အစည်းတွေအတွင်းမှာတောင် အမြတ်ထုတ်တဲ့ ဖြစ်ရပ်တွေ ဖြစ်ပွားနေပြီး ဒါတွေဟာ လူမှုရေးနဲ့ ကျင့်ဝတ်ရေးရာကိစ္စရပ်တွေမှာ ရှုပ်ထွေးပွေလီမှုတွေ ပိုမိုဖြစ်ပေါ်စေပါတယ်။ သတ္တုတူးဖော်ရေး ကုမ္ပဏီတွေမှာ အလုပ်လုပ်တဲ့ အလုပ်သမားတွေဟာလည်း မကြာခဏဆိုသလို အခွင့်အရေးချိုးဖောက်ခံရလေ့ ရှိပါတယ်။ ဒါ့အပြင် ဒီကုမ္ပဏီတွေဟာ သင့်တော်တဲ့ လုပ်ငန်းခွင်ဘေးကင်းရေးအစီအမံတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ မလုပ်ပေးသလို အလုပ်သမားတွေ မတော်တဆ ထိခိုက်ဒဏ်ရာရတဲ့အခါလည်း သင့်တင့်တဲ့ လျော်ကြေးပေးတာမျိုး မရှိပါဘူး။ အလုပ်သမားအခွင့်အရေးတွေကို မလိုက်နာတာကြောင့် လုပ်ငန်းခွင်အတွင်း အမြတ်ထုတ်မှုတွေရှိနေပြီး အလုပ်သမား အခွင့်အရေး ပြင်းထန်စွာ ချိုးဖောက်ခံနေကြရပါတယ်။

မြေရှားသတ္တုတူးဖော်မှုမှာ ပါဝင်ပတ်သက်နေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ဒီလုပ်ငန်းအပေါ် တိကျရှင်းလင်းတဲ့ မူဝါဒတွေ၊ စည်းမျဉ်းတွေ ချမှတ်ထားတာမျိုး မတွေ့ရပါဘူး။ ဒီလိုလမ်းညွှန်မူဝါဒ ကင်းမဲ့နေတာကြောင့် တာဝန်ခံမှုကင်းမဲ့စေပြီး အကျိုးဆက်အဖြစ် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ လူမှုအသိုက်အဝန်း ပျက်စီးဆုတ်ယုတ်မှုတွေပဲ တိုးများလာစေပါတယ်။ လက်နက်ကိုင်အဖွဲ့တွေ၊ သူတို့နဲ့ တရားမဝင် တွဲဖက်လုပ်ကိုင်နေတဲ့ စီးပွားရေးကုမ္ပဏီတွေဟာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုတာဝန်ခံမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနဲ့ စီးပွားရေးအရ ထိခိုက်ဆုံးရှုံးရမှု ဆိုတာတွေကို လုံးလုံးလျားလျား ထည့်သွင်းစဉ်းစားထားမှု မရှိကြပါဘူး။ ပြည်သူလူထု၊ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် ထည့်သွင်းမစဉ်းစားဘဲ သတ္တုတူးဖော်မှုတွေကို ဆက်လက် လုပ်ကိုင်နေကြတာဟာ ဒီသတ္တုတူးဖော်ရေးကဏ္ဍ

တခုလုံးမှာ ကျင့်ဝတ်သိက္ခာစောင့်ထိန်းဖို့နဲ့ ထိခိုက်လွယ် လူ့အသိုက်အဝန်းတွေကို ကာကွယ်ပေးဖို့ ယန္တရားတွေ လစ်ဟာနေတယ်ဆိုတာကို ထပ်ဟပ်ပြသနေပါတယ်။

NDA-K အဖွဲ့ဟာ ပန်ဝါမြို့က မြေရှားတူးဖော်မှုတွေကို ၂၀၂၄ ခုနှစ်အထိ ထိန်းချုပ်ခဲ့ပြီး အဲဒီနောက်မှာ KIO/KIA က မိုးမောက်နဲ့ မံစီမြို့နယ်တွေမှာရှိတဲ့ သတ္တုတူးဖော်မှုတွေကို ထိန်းချုပ်ထားပါတယ်။ NDA-K အဖွဲ့ဟာ မြေရှားတူးဖော်မှုအတွက် မူဝါဒတွေ မရှိခဲ့ဘဲ တရားမဝင်ကုမ္ပဏီတွေနဲ့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ အဲဒီတရုတ်ကုမ္ပဏီတွေဟာ အလုပ်သမားတွေကို အမြတ်ထုတ်ခဲ့ပြီး ကျန်းမာရေးနဲ့ လူမှုဘဝအတွက် တာဝန်ယူမှုတွေ မရှိခဲ့တဲ့အတွက် ဒေသခံလူထုဟာ မြေရှားထုတ်လုပ်မှုရဲ့ ဆိုးကျိုးတွေကိုပဲ နစ်နာခံစားခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ်ကစပြီး NDA-K အဖွဲ့ဟာ ပန်ဝါက ဒေသခံတွေဆီက သိမ်းယူထားတဲ့ လယ်ယာမြေတွေပေါ်မှာ တရားမဝင် မြေရှားတူးဖော်မှုတွေကို အကြီးအကျယ် ဆောင်ရွက်ခဲ့ပါတယ်။[၁၈] NDA-K ဟာ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုနဲ့ မြေရှားတင်ပို့မှုကနေ အခွန်ဝင်ငွေတွေ ရရှိခဲ့ပေမဲ့ တရားမဝင် မြေရှားတူးဖော်မှုကရတဲ့ ဝင်ငွေတွေကို တရားဝင်ကြေညာခဲ့တာမျိုး မရှိပါဘူး။ NDA-K အဖွဲ့ရဲ့ ကချင်အထူးဒေသ (၁) ဖွံ့ဖြိုးမှုအုပ်ချုပ်ရေးကော်မတီရဲ့ ဒုတိယဥက္ကဋ္ဌ ဝမ်ထယ်ဘရန်အောင်ကလည်း NDA-K အဖွဲ့ဟာ မြေရှားသတ္တုတူးဖော်မှုတွေနဲ့ ဆက်စပ်မှု မရှိဘူးလို့ ငြင်းဆိုခဲ့ပါတယ်။[၁၉]

NDA-K အဖွဲ့ဟာ သူတို့ရဲ့ သတ္တုတူးဖော်မှုတွေကို ဆန့်ကျင်ကန့်ကွက်ကြတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို မဆန့်ကျင်နိုင်အောင် ခြိမ်းခြောက်ထားခဲ့ကြတယ်လို့ စွပ်စွဲဖော်ပြမှုတွေ ရှိခဲ့ပါတယ်။ ဒီလိုခြိမ်းခြောက်တဲ့ဖြစ်ရပ်တွေမှာ သတ္တုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုတွေအပေါ် ထုတ်ဖော်ပြောဆိုတဲ့သူတွေကို ခြိမ်းခြောက်တာ၊ အကြမ်းဖက်တာတွေ ပါဝင်တယ်။ NDA-K အဖွဲ့ ထိန်းချုပ်ခဲ့စဉ်က ပန်ဝါဒေသမှာ အလုပ်လုပ်ကိုင်ခဲ့တဲ့ ဒေသခံအလုပ်သမားတွေကို အကာအကွယ်ပေးတဲ့ မူဝါဒ မရှိတဲ့အပြင် တရားမဝင် တရုတ်ကုမ္ပဏီတွေဟာ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခဲ့ကြပါတယ်။ ဒီအထဲမှာ ရပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနဲ့ အလုပ်သမားအခွင့်အရေးတွေကို ချိုးဖောက်မှုတွေ ပါဝင်ပါတယ်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း KIO/KIA အဖွဲ့ကလည်း မိုးမောက်နဲ့ မံစီမြို့နယ်လို ဒေသတွေမှာ မြေရှားတူးဖော်မှုတွေကို စတင်ထိန်းချုပ် လုပ်ကိုင်ခဲ့ပါတယ်။ KIO/KIA အဖွဲ့ကတော့ မြေရှားသတ္တုတူးဖော်မှုနဲ့ပတ်သက်လို့ သူတို့မှာ မူဝါဒတွေ ချမှတ်ထားတာ ရှိတယ်လို့ ဆိုကြပါတယ်။ ဒါပေမဲ့ ကချင်ပြည်နယ်က အရပ်ဘက်အဖွဲ့တွေဟာ KIO/KIA ရဲ့ သတ္တု

[၁၈] Global Witness, 2022.

[၁၉] မွန်းမွန်းပန်၊ ၂၀၁၉။

- တူးဖော်မှုနဲ့ပတ်သက်တဲ့ မူဝါဒတွေကို မမြင်တွေ့ခဲ့ကြရပါဘူး။ အများသိအောင် ပွင့်လင်းမြင်သာစွာ တရားဝင် ထုတ်ပြန်ထားတာ မဟုတ်တဲ့အတွက် အထောက်အထား မခိုင်လုံဘူးလို့ ဆိုနိုင်ပါတယ်။[၂၀] ဒေသခံအဖွဲ့အစည်းတွေကတော့ KIO/KIA အဖွဲ့ရဲ့ သတ္တုတူးဖော်မှု မူဝါဒတွေဟာ လက်တွေ့မှာ အကောင်အထည်ဖော်မှု အားနည်းပြီး အလုပ်သမားတွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းတယ်လို့ ထောက်ပြကြပါတယ်။

**ဓာတ်ပုံ-၁။** ။ မြေရှားသတ္တုတူးဖော်မှု၏ သက်ရောက်မှုများအပေါ် အသိပညာမြှင့်တင်ရေး လှုပ်ရှားမှုများ ပိတ်ပင်တားဆီးခံရ

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်ရှိ မြေရှားသတ္တုတူးဖော်ရေးများအပေါ် ဆန့်ကျင်ကန့်ကွက်သည့် ပိုစတာများကို KIA အဖွဲ့ဝင်များက ဖယ်ရှားနေပုံ။ (ဒေသခံတက်ကြွလှုပ်ရှားသူတဦး ရိုက်ကူးထားခြင်းဖြစ်သည်)




[၂၀] ကချင်ပြည်နယ်မှ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။

အချို့ဖြစ်စဉ်တွေမှာ KIO/KIA အဖွဲ့ဟာ သတ္တုတူးဖော်ထုတ်လုပ်နေတဲ့ နယ်မြေတွေကို ဒေသခံ အရပ်ဘက်အဖွဲ့အစည်းတွေ၊ တက်ကြွလှုပ်ရှားသူတွေနဲ့ သတင်းထောက်တွေ ဝင်ခွင့် ကန့်သတ်ထားပါတယ်။ မြေရှားတူးဖော်မှု အခြေအနေတွေကို စောင့်ကြည့်တာ၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေနဲ့ပတ်သက်ပြီး သတင်းပေးဖို့ တာတွေကို တားမြစ်ထားပါတယ်။ ဥပမာအားဖြင့် မိုးမောက်မြို့နယ်မှာ စစ်ကောင်စီနဲ့ KIO/KIA အဖွဲ့အကြား တိုက်ပွဲဖြစ်နေတာကို အကြောင်းပြုလို့ KIO/KIA အာဏာပိုင်တွေက ဒေသခံ လူထုကို မြေရှားလုပ်ကွက်တွေဆီ သွားခွင့်ပိတ်ခဲ့တဲ့အတွက် ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ပြဿနာတွေကို ပိုမိုဆိုးရွားစေပါတယ်။[၂၁]

ဒါ့အပြင် KIO/KIA အဖွဲ့ဟာ မြေရှားတူးဖော်ရေးနဲ့ပတ်သက်ပြီး ပညာပေးတာ၊ လှုံ့ဆော်တာ၊ ဒေသခံပြည်သူတွေနဲ့ ဆွေးနွေးတာမျိုးတွေကို တင်းတင်းကျပ်ကျပ် တားမြစ်ထားပါတယ် (ဓာတ်ပုံ-၁ ကို ကြည့်ပါ)။ ဒီတားမြစ်မှုကို ဖီဆန်ပြီး မြေရှားတူးဖော်မှုကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ ပြုလုပ်တဲ့ တက်ကြွလှုပ်ရှားသူတွေကို KIO/KIA အဖွဲ့က သတိပေးတာ၊ ခြိမ်းခြောက်တာနဲ့ ဖမ်းဆီးတာတွေ လုပ်ပြီး တုံ့ပြန်အရေးယူခဲ့ပါတယ်။ မိုးမောက်မြို့နယ်ထဲက ကျေးရွာတွေမှာ အရပ်ဘက်အဖွဲ့အစည်းတွေက မြေရှားတူးဖော်ရေးနဲ့ပတ်သက်ပြီး အသိပညာပေးဖို့ ထူထောင်ထားတဲ့ ပညာပေးပိုစတာတွေကို KIO/KIA စစ်သားတွေက မီးရှို့ဖျက်ဆီးတာ၊ ဆုတ်ဖြဲပစ်တာတွေ လုပ်ခဲ့ပါတယ်။[၂၂] ၂၀၂၃ ခုနှစ် ဧပြီလမှာ မြေရှားတူးဖော်ရေးကို ဆန့်ကျင်တဲ့ တက်ကြွလှုပ်ရှားသူ သုံးဦးကို စစ်တပ်သတင်းပေးတွေလို့ စွပ်စွဲပြီး စိန်လုံကျေးရွာမှာ KIA တပ်မဟာ-၃ က သုံးရက်ကြာ ဖမ်းဆီးထားခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှာလည်း KIO/KIA တာဝန်ခံတွေဟာ ဖရဲကျေးရွာက ဒေသခံတွေကို ဖမ်းဆီးခဲ့ပါတယ်။[၂၃] လက်ရှိဖြစ်ပွားနေတဲ့ စစ်ပွဲတွေကြောင့် မြေရှားတူးဖော်မှုလုပ်ဖို့ မဖြစ်မနေ လိုအပ်တယ်ဆိုပြီး KIO/KIA အဖွဲ့က ပြည်သူတွေကို ဆင်ခြေပေးထားပါတယ်။ ဒီလုပ်ငန်းကြောင့်သာ သူတို့ရဲ့စစ်ရေးအင်အား ကောင်းစေတာ ဖြစ်ပြီး နောင်တချိန် ပြန်လည်ထူထောင်ရေးအတွက်လည်း ငွေကြေးရင်းမြစ် ဖြစ်တယ်လို့ ဆိုကြပါတယ်။ မိုးမောက်မြို့နယ်က KIA တပ်မဟာ-၃ ရဲ့ အရာရှိတွေကတော့ မြေရှားတူးဖော်မှုဟာ KIO/KIA အဖွဲ့ကို အင်အားကြီးမားစေတာကြောင့် မဆန့်ကျင်သင့်ကြောင်း ပြောကြားခဲ့ပြီး ဒီအမြင်ကို ကျေးရွာတွေမှာ ဟောပြောဖြန့်ဖြူးခဲ့ပါတယ်။ မြင့်တက်လာတဲ့ စစ်ရေးတိုက်ပွဲအရှိန်ကြောင့် မြေရှားတူးဖော်ရေးအတွက် ဒေသခံလူထုဆီက သဘောတူညီမှုရယူဖို့ KIO/KIA အဖွဲ့ဟာ နည်းလမ်းအမျိုးမျိုးကို အသုံးပြု ရယူခဲ့ပါတယ်။ ဥပမာအားဖြင့် မြေရှားတူးခွင့်ပြုရင် KIA တပ်ထဲ စစ်သားအဖြစ် စစ်မှုထမ်းရတာကနေ ကင်းလွတ်ခွင့်ပေး

[၂၁] ကချင်ပြည်နယ်မှ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။
[၂၂] မိုးမောက်မြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။
[၂၃] မြစ်ကြီးနားသတင်းဂျာနယ်၊ ၂၀၂၃။

မယ်လို့လည်း စိန်လုံကျေးရွာက လီဆူးလူမျိုးတွေကို KIO အဖွဲ့တာဝန်ခံတွေက လှည့်ဖျားကတိပေး စည်းရုံးခဲ့ပါတယ်။ စစ်မှုထမ်းရမှာကို ရှောင်လွှဲဖို့ မြေရှားတူးဖော်ရေးကို ခွင့်ပြုဖို့ လီဆူးလူမျိုးတွေက သဘောတူခဲ့ပေမဲ့ နောက်ပိုင်းတိုက်ပွဲတွေ ပြင်းထန်လာတဲ့အခါ ယခင်ကတိကို ဖျက်ပြီး စစ်သားအဖြစ် အတင်းအကျပ် စုဆောင်းခံခဲ့ကြရပါတယ်။[၂၄]

ဒေသတခုလုံးကို လုံးဝထိန်းချုပ်ထားနိုင်တဲ့ KIO/KIA အဖွဲ့ဟာ မြေရှားတူးဖော်မှုမှာ ငွေကြေးရင်းနှီးမြှုပ်နှံမှု တိုက်ရိုက်မလုပ်ထားပေမဲ့ သွယ်ဝိုက်ပြီး အမြတ်အစွန်းရနေပါတယ်။ မြေရှားတူးဖော်ရေးလုပ်ငန်းတွေမှာ ဆက်နွယ်ပတ်သက်နေပါတယ်။ KIO/KIA တပ်ဖွဲ့တွေဟာ မြေရှားကုမ္ပဏီတွေအတွက် လုံခြုံရေးပေးပြီး ကုမ္ပဏီတွေဆီက အခွန်ကောက်ပါတယ်။ ဒါ့အပြင် မြေရှားတူးဖော်ရေးအတွက် မြေသိမ်းတာနဲ့ မြေဝယ်တာတွေမှာ ပါဝင်ပတ်သက်နေပါတယ်။ မိုးမောက်မြို့နယ်က ဒေသခံတွေရဲ့ ပြောပြချက်အရ KIO/KIA အဖွဲ့ဟာ တရုတ်နိုင်ငံသို့တင်ပို့တဲ့ မြေရှားသတ္တုတွေကို အခွန်ကောက်ခံရာမှာလည်းပါဝင်ပြီး သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတလျှောက်မှာ လုံခြုံရေးပေးနေပါတယ်။[၂၅] မြစ်ကြီးနားမြို့အနီးက ကျေးရွာတွေနဲ့ အင်ခေါင်းပါကျေးရွာတို့မှာ တူးဖော်ထားတဲ့ မြေရှားသတ္တုရိုင်းတွေကို မိုင်ဂျာယန်နယ်စပ်ဂိတ်ကတဆင့် ပို့ဆောင်နိုင်ဖို့ KIO/KIA က လုံခြုံရေးဆောင်ရွက်ပေးနေပါတယ်။ ဒီဂိတ်တွေကတဆင့် တရုတ်နိုင်ငံ၊ ယင်ကျန်း(Yingjiang)နဲ့ ကျန်းဖုန်း (Zhangfeng) မြို့တွေဆီကို မြေရှားပို့ဆောင်တဲ့အခါ KIO/KIA တပ်ရင်းတွေက ဒီမြေရှားတင်ပို့မှုတွေအပေါ် တန်ချိန်အလိုက် အခွန်ကောက်ခံကြပါတယ်။

မြေရှားတူးဖော်ရေးလုပ်ငန်းတွေကို ကြီးကြပ်ခွင့်ရတဲ့ KIA လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့တွေက ဒီလုပ်ငန်းအပေါ် အမြတ်ထုတ်တဲ့ ဖြစ်စဉ်တွေလည်း ရှိခဲ့ပါတယ်။[၂၆] KIO/KIA ဗဟိုကော်မတီရဲ့ တွေ့ရှိချက်တွေအရ KIO/KIA လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့တွေဟာ မြေရှားတူးဖော်တဲ့ တည်နေရာတွေနဲ့ပတ်သက်ပြီး တိကျတဲ့ သတင်းအချက်အလက်တွေ မပေးဘဲ ထိန်ချန်ထားတာ၊ အမှန်တကယ်ရှိနေတဲ့ သတ္တုတွင်းအရေအတွက်ထက် လျှော့ပြီး အစီရင်ခံတာ စတဲ့ အချက်အလက် အမှားပေးမှုတွေကို တွေ့ရှိခဲ့ရတယ်လို့ ဆိုပါတယ်။ အချို့ဖြစ်စဉ်တွေမှာ တပ်မဟာ-၃ လက်အောက်ခံ တပ်ရင်း-၁၊ တပ်ရင်း-၁၅ နဲ့ တပ်ရင်း-၁၆ အပါအဝင် တပ်ရင်းတပ်ဖွဲ့တချို့ဟာ မြန်မာ-တရုတ်နယ်စပ် မှောင်ခိုလမ်းကြောင်းတွေကတဆင့် မြေရှားတွေကို တရားမဝင် တင်ပို့ခဲ့ကြပြီး ဗဟိုကော်မတီထံ အခွန်ပေးဆောင်ဖို့ ရှောင်ရှားခဲ့ကြပါတယ်။ မြေရှားတူးတဲ့ ဧရိယာဟာ ဧက ၃၀ ရှိတယ်လို့ KIO ဗဟိုကော်မတီထံ တပ်မဟာ-၃ က အစီရင်ခံစာ

[၂၄] မိုးမောက်မြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။
[၂၅] မိုးမောက်မြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။
[၂၆] မိုးမောက်မြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅။

ပေးပို့ထားပေမဲ့ မြေပြင်မှာ တူးဖော်တဲ့ ဧရိယာဟာ ဧက ၅၀ ကနေ ၁၀၀ အထိ ရှိတယ်လို့ မိုးမောက်ဒေသခံတွေက အတည်ပြုပြောဆိုထားပါတယ်။ ဒါ့အပြင် မြေရှားတူးဖော်မှုကနေ ရရှိတဲ့ ဘဏ္ဍာဝင်ငွေ ပမာဏနဲ့ ဒီငွေတွေကို ဘယ်လိုစီမံခန့်ခွဲတယ်ဆိုတာနဲ့ ပတ်သက်ပြီး KIO/KIA က တရားဝင်ထုတ်ပြန်ထားတာ မရှိပါဘူး။ မြေရှားတူးဖော်မှုကရတဲ့ ဝင်ငွေတွေကို ပြည်နယ်တည်ဆောက်ရေးနဲ့ အုပ်ချုပ်ရေးယန္တရားတွေ စီမံခန့်ခွဲဖို့ အသုံးပြုမယ်လို့ KIO/KIA က ဖော်ပြထားပေမဲ့ ဒီရန်ပုံငွေတွေကို ဘယ်လိုအသုံးပြုတယ်ဆိုတာနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာတဲ့ အစီရင်ခံတာတွေ မရှိပါဘူး။ မိုးမောက်နဲ့ မံစီမြို့နယ်တွေမှာ KIO/KIA အဖွဲ့တာဝန်ခံတွေရော၊ တရုတ်ကုမ္ပဏီတွေကပါ မြေရှားလုပ်သားတွေအပေါ် တာဝန်ယူတာဝန်ခံမှု ပျက်ကွက်ခဲ့ကြပါတယ်။ မြေရှားတူးဖော်မှုဟာ အသက်အန္တရာယ်ရှိစေနိုင်တဲ့ အလုပ်ဖြစ်ပေမဲ့ လုပ်ငန်းခွင်မှာ ကာကွယ်ရေးအစီအမံတွေ လုံလုံလောက်လောက် မထားရှိပါဘူး။ ကျန်းမာရေးစောင့်ရှောက်မှုလည်း မရရှိကြပါဘူး။ သေဆုံးမှု ဖြစ်ပေါ်တဲ့အခါလည်း သင့်တော်တဲ့ လျော်ကြေး မပေးကြပါဘူး။ အလုပ်သမားတွေဟာ မြေရှားသတ္တုတူးဖော်ရာမှာ ဆာလဖျူရစ်အက်စစ်လို အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းတွေနဲ့ ထိတွေ့နေရပေမဲ့ တရုတ်ကုမ္ပဏီတွေအနေနဲ့ အလုပ်သမားတွေ ဘေးကင်းလုံခြုံရေးကိုလည်း ငဲ့ညှာဂရုစိုက်မှု မရှိခဲ့ပါဘူး။ ကြက်ပေါင်ဖိနပ်ရှည်၊ လက်အိတ်နဲ့ မျက်နှာဖုံးအကာတွေ စသည်နှင့် အခြေခံလိုအပ်တဲ့ အကာအကွယ်ပစ္စည်းတွေကိုလည်း ကုမ္ပဏီဘက်က ထောက်ပံ့မပေးထားပါဘူး။ ဓာတုပစ္စည်းတွေနဲ့ အန္တရာယ်ရှိတဲ့ အခြေအနေတွေမှာ ကြာရှည်ထိတွေ့နေရတဲ့အတွက် အလုပ်သမားတွေရဲ့ ကျန်းမာရေးဟာ ပြင်းပြင်းထန်ထန် ထိခိုက်မှု ရှိပါတယ်။ ကုမ္ပဏီတွေက ကျန်းမာရေးစောင့်ရှောက်မှု မပေးတဲ့အပြင် နေမကောင်းဖြစ်တဲ့ အလုပ်သမားတွေကို အလုပ်ကနေ ဖြုတ်ပစ်လိုက်တာမျိုးတွေ ရှိခဲ့ပါတယ်။

လုပ်ငန်းခွင်မှာ သေဆုံးမှုဖြစ်ပေါ်ရင်တောင် ကုမ္ပဏီဘက်ကရော၊ KIO/KIA အဖွဲ့အစည်းဘက်ကပါ တာဝန်ယူဖို့ ပျက်ကွက်ခဲ့ကြပါတယ်။ KIO/KIA အဖွဲ့အစည်း ထိန်းချုပ်ထားတဲ့ နယ်မြေတွေမှာ ဒေသခံတွေဟာ လူ့အခွင့်အရေး ချိုးဖောက်မှု၊ အနိုင်ကျင့် ခေါင်းပုံဖြတ်ခံရမှုနဲ့ အခြားဆုံးရှုံးမှုတွေကို ရင်ဆိုင်နေကြရပေမဲ့ ဒုက္ခခံစားရတာတွေ သက်သာလျော့ပါးအောင် KIO/KIA အဖွဲ့အစည်းဘက်က အရေးယူဆောင်ရွက်ပေးတာမျိုး မရှိပါဘူး။ ဒါကြောင့် ကချင်ပြည်နယ်က မြေရှားတူးဖော်ရေးလုပ်ငန်းတွေဟာ စတင်ကတည်းက ပွင့်လင်းမြင်သာမှု မရှိခဲ့ဘဲ အာဏာပိုင်တွေနဲ့ လုပ်ငန်းရှင်တွေကပဲ အကျိုးအမြတ်တွေ သဲ့ယူရရှိနေကြပါတယ်။ ဒေသခံလူထုကတော့ အကျိုးကျေးဇူးခံစားခွင့် မရကြသလို လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတွေကိုပဲ သိမ်းကြုံးရင်ဆိုင်နေကြရပါတယ်။

## ၁၂။ မူဝါဒဆိုင်ရာ အကျိုးဆက်များနှင့် အကြံပြုချက်များ

မြန်မာနိုင်ငံအတွင်းက မြေရှားသတ္တုတူးဖော်မှုအများစုဟာ လက်ရှိမှာ တရားမဝင် ဆောင်ရွက်နေကြပါတယ်။ မြေရှားသတ္တု တူးဖော်ထုတ်လုပ်မှုမှာ နိုင်ငံတော်အဆင့်အနေနဲ့ ပါဝင်ပတ်သက်မှု မရှိသလောက် ဖြစ်နေပြီး နိုင်ငံတော်ဘဏ္ဍာဝင်ငွေလည်း မရရှိပါဘူး။ ဒါ့အပြင် မြေရှားထုတ်လုပ်နေကြတဲ့ နယ်မြေအများအပြားဟာ အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့ (non-state actors) တွေရဲ့ ထိန်းချုပ်မှုအောက်မှာ တည်ရှိနေကြပါတယ်။ ဒီအခြေအနေတွေကြောင့် ပဋိပက္ခစီးပွားရေး (စစ်စီးပွားရေး) ပိုမိုဆိုးရွားလာပြီး သယံဇာတ ရောင်းချလို့ရတဲ့ ဝင်ငွေတွေနဲ့ စစ်မီးကို လောင်စာလောင်းပေးသလို ဖြစ်စေနိုင်ပါတယ်။ နိုင်ငံတခုရဲ့ ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းရေးအတွက်လည်း ကြီးမားတဲ့ နောက်ဆက်တွဲ သက်ရောက်မှုတွေရှိနေမှာ မလွဲမသွေပါပဲ။

ကချင်ပြည်နယ်ဟာ စုံလင်ထွေပြားတဲ့ ဇီဝသတ္တမျိုးကွဲတွေရှိရာ အချက်အချာဒေသတခုဖြစ်ပြီး ခေတ်အဆက်ဆက် ကာကွယ်ထိန်းသိမ်းခဲ့ကြပါတယ်။ မြေရှားသတ္တု အဓိကတူးဖော်နေတဲ့ ကချင်အထူးဒေသ အမှတ်-၁ ဆိုရင် ရှားပါးဇီဝသတ္တမျိုးစိတ်ပေါင်း ၁၅,၀၀၀ ခန့် တည်ရှိနေပါတယ်။ သတ္တုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရတာကြောင့် ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းနိုင်ရေးကို ခြိမ်းခြောက်နေတဲ့အပြင် ဒေသခံ ရပ်ရွာလူထုတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုကိုလည်း ဆိုးရွားစွာ ထိခိုက်စေပါတယ်။ ပဋိပက္ခစီးပွားရေးကို မကြီးထွားလာအောင်လုပ်ပြီး ခိုင်မာအားကောင်းတဲ့ သဘာဝပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုနဲ့ အစားထိုးနိုင်မှသာ 'သယံဇာတကျိန်စာ' ကို ကုစားနိုင်မှာ ဖြစ်ပါတယ်။ မြေရှားသတ္တုတူးဖော်မှုမှာ အဓိကပါဝင်ပတ်သက်နေကြတဲ့ လက်နက်ကိုင်အဖွဲ့တွေဟာ မဖြစ်စလောက် အခွန်ကိုသာ ရရှိကြပေမဲ့ သတ္တုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ ဒေသခံလူထုရဲ့ ပျက်စီးဆုံးရှုံးမှုတွေကတော့ ကြီးမားများပြားလွန်းပါတယ်။ တဖက်မှာတော့ သတ္တုတူးဖော်ဖို့ ရင်းနှီးမြှုပ်နှံသူ လူနည်းစုကပဲ အမြတ်အစွန်းတွေကို သိမ်းပိုက် ယူငင်နေကြပါတယ်။ ဒေသခံပြည်သူတွေဟာ ကချင်လူမျိုးတွေဖြစ်တာကြောင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုအပေါ် စာနာအားပေးမှု များကြပါတယ်။ ဒါ့အပြင် ကချင်တိုင်းရင်းသားချင်း ဆွေမျိုးနီးစပ်စုဖွဲ့မှု ရှိတာကြောင့်လည်း မြေရှားသတ္တုတူးဖော်မှုတွေကို လုံးဝရပ်ဆိုင်းလိုက်ဖို့ မတောင်းဆိုကြပါဘူး။ မြေရှားသတ္တုတူးဖော်ရေး စီမံကိန်းတွေ လုပ်ဆောင်ခဲ့ရင် ပွင့်လင်းမြင်သာမှု ရှိစေဖို့၊ ကုမ္ပဏီတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေဆီက တန်းတူညီမျှ ဆက်ဆံဖို့၊ အသက်မွေးဝမ်းကျောင်းမှုကို ထောက်ပံ့ပေးဖို့၊ သင့်တင့်တဲ့ လျော်ကြေးပေးရာမှာ တက်တက်ကြွကြွ

ပူးပေါင်းပေးဖို့ ဒေသခံပြည်သူတွေက လိုလားကြတယ်လို့ ISP-Myanmar က ပြုလုပ်တဲ့ အုပ်စုဖွဲ့ဆွေးနွေးမှုတွေအရ သိရပါတယ်။ ဒေသခံတွေ သာယာဝပြောစေဖို့၊ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးကို မြှင့်တင်ဖို့ဆိုတာကလည်း မရှိမဖြစ် လိုအပ်ချက်တခု ဖြစ်ပါတယ်။

သယံဇာတတွေကနေရရှိတဲ့ အကျိုးအမြတ်တွေကို ဒေသခံပြည်သူတွေအတွက် တန်းတူညီမျှ ခွဲဝေပေးနိုင်တဲ့ ပြည့်စုံတဲ့ မူဘောင်တခု ဖြစ်စေဖို့ လိုအပ်ပါတယ်။ မြေရှားတူးဖော်မှုမှာ ပါဝင်နေတဲ့ လက်နက်ကိုင်အဖွဲ့တွေ အနေနဲ့ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရေရှည်တည်တံ့ပြီး ခိုင်မာအားကောင်းတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ၊ ရပ်ရွာလူထုရဲ့ ကြံ့ကြံ့ခံနိုင်စွမ်းကို အားဖြည့်ပေးမယ့် စီမံအုပ်ချုပ်ရေးမူဝါဒတွေကို ရေးဆွဲအကောင်အထည် ဖော်သင့်ပါတယ်။ မြေရှားဆိုင်ရာ ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်တွေထဲမှာ ကျင့်ဝတ်နဲ့ လျော်ညီစွာ တူးဖော်ရယူမှုကို မြှင့်တင်ဖို့ကိုလည်း တက်ကြွလှုပ်ရှားတဲ့ လူမှုအဖွဲ့အစည်းတချို့က တိုက်တွန်း တောင်းဆိုနေကြပါတယ်။ မြေရှားသတ္တုတွေကို တာဝန်ယူမှုတာဝန်ခံမှုရှိရှိ တူးဖော်ကြောင်း အာမခံနိုင်ရေးအတွက် အသိအမှတ်ပြုစစ်ဆေးနိုင်ဖို့နဲ့ ထုတ်ကုန်သတ္တုတွေရဲ့ နောက်ကြောင်းကို ခြေရာခံနိုင်တဲ့ ယန္တရားစနစ်တွေ ထားရှိဖို့ ဒီအဖွဲ့အစည်းတွေက တောင်းဆိုနေကြပါတယ်။ ဒီအစီအမံတွေဟာ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OECD) က ၂၀၂၄ ခုနှစ် မေလမှာ ကျင်းပတဲ့ ‘တာဝန်ယူမှု တာဝန်ခံမှုနဲ့ သတ္တုထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ ဖိုရမ်’ (Forum on Responsible Mineral Supply Chians) မှာ ဆွေးနွေးခဲ့တဲ့ အစီအမံတွေနဲ့ ဆင်တူမှု ရှိပါတယ်။ ဒါပေမဲ့ မြေရှားလုပ်ငန်းတွေမှာ အကျိုးအမြတ်သာ ပဓာနထားတဲ့ ကုမ္ပဏီတွေပါဝင်နေတာ၊ တရားမဝင်ကုန်သွယ်မှု အလေ့အကျင့် ပျံ့နှံ့နေတာတွေကြောင့် ဒီအစီအမံတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ စိန်ခေါ်မှုတွေ အကြီးအကျယ် ဖြစ်ပေါ်နေစေပါတယ်။

ကချင်ပြည်နယ်က မြေရှားသတ္တု တူးဖော်မှုတွေမှာ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ စည်းကမ်းမဲ့၊ အထိန်းအကွပ်မဲ့ သတ္တုတူးဖော်မှုကနေ ကြီးမားတဲ့ အမြတ်အစွန်း ရယူနေကြပါတယ်။ အကျိုးဆက်အဖြစ် ပဋိပက္ခစီးပွားရေးကို မီးစာထိုးပေးသလို ဖြစ်နေစေပါတယ်။ ဒေသတွင်းမှာ စစ်ဘောင်ကျယ်လာစေပြီး အရပ်သားအုပ်ချုပ်ရေးကို အားနည်းချည့်နဲ့စေတဲ့ အပြင် သယံဇာတ တူးဖော်မှုက ရရှိလာတဲ့ ဘဏ္ဍာဝင်ငွေတွေဟာလည်း ပြည်သူလူထုအကျိုးအတွက်၊ သာယာဝပြောရေးအတွက် အသုံးပြုရေးကနေ လမ်းလွဲစေခဲ့ပါတယ်။ ပဋိပက္ခစီးပွားရေးဟာ ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနဲ့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးကို

- အဟာန့်အတား ဖြစ်စေရုံသာမက တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေအတွက်လည်း ဒေသတွင်းမတည်ငြိမ်မှု ရေရှည်အန္တရာယ်တွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ အထူးသဖြင့် တရားမဝင်ကုန်စည်စီးဆင်းမှုတွေကနေ ဒေသတွင်းမတည်ငြိမ်မှုကိုလည်း ဖြစ်ပေါ်စေနိုင်ပါတယ်။ သယံဇာတ စီမံအုပ်ချုပ်ရေးမှာ စစ်ရေးသြဇာလွှမ်းမိုးမှုကို ဖယ်ရှားပြီး ပွင့်လင်းမြင်သာပြီး ရပ်ရွာကဦးဆောင်တဲ့ စီမံအုပ်ချုပ်မှုယန္တရားစနစ်ကို မူဝါဒပိုင်း တုံ့ပြန်ဆောင်ရွက်မှုအဖြစ် ဦးစားပေး ချမှတ်ဖော်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ ပဋိပက္ခလောင်စာနဲ့ မောင်းနှင်နေတဲ့ နယ်စပ်ဖြတ်ကျော် သယံဇာတ အမြတ်ထုတ်မှုတွေ ပိုလို့ကျယ်ပြန့်မသွားအောင် ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ■

## ၁၃။ ကျမ်းကိုးစာရင်း


ကချင်ပြည်နယ်မှ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅၊ မတ် ၅။

ချီဖွေမြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅၊ မတ် ၆။

ဘီဘီစီ မြန်မာပိုင်း။ (၂၀၁၉၊ ဒီဇင်ဘာ ၁၈)။ ကချင်မှာ အသစ်တွေ့တဲ့ မြေရှားသတ္တုနဲ့ တရုတ်စျေးကွက်။ BBC Burmese website: https://www.bbc.com/burmese/burma-50832765

မိုးမောက်မြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၅၊ မတ် ၁၂ နှင့် မတ် ၂၄။

မြစ်ကြီးနားသတင်းဂျာနယ်။ (၂၀၂၂၊ စက်တင်ဘာ ၈)။ အင်းတော်ကြီးဒေသရှိ ကျေးရွာအများစုတွင် အာဏာသိမ်းကာလနောက်ပိုင်း ဆယ်ကျော်သက်အရွယ် မူးယစ်ဆေးဝါးသုံးစွဲမှု များပြားလာ။ Myitkyina News Journal: https://www.myitkyinanewsjournal.com/in-most-of-the-villages-in-indawgyi-region-there-has-been-an-increase-in-teenage-drug-use-since-the-coup/

မြစ်ကြီးနားသတင်းဂျာနယ်။ (၂၀၂၃၊ အောက်တိုဘာ ၂၄)။ မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်းကို ကန့်ကွက်ခြင်းကြောင့် အောက်ဖရဲရွာဒေသခံများအား KIA မှ ဖမ်းဆီးထားဟုဆို။ Myitkyina News Journal: https://www.myitkyinanewsjournal.com/the-kia-arrested-residents-of-hpare-village-for-protesting-the-rare-earths-mining/

မွန်းမွန်းပန်။ (၂၀၁၉၊ ဇန်နဝါရီ ၂၃)။ ဒေသကို မျှဉ်းသတ်နေသော မြေရှားနှင့် ခေါင်းပုံဖြတ်ခံနေရသော အလုပ်သမားများ။ Myitkyina News Journal: https://www.myitkyinanewsjournal.com/%E1%80%B1%E1%80%92%E1%80%9E%E1%80%80%E1%80%AD%E1%80%AF-%E1%80%99%E1%80%BD%E1%80%BA%E1%80%A5%E1%80%B9%E1%80%B8%E1%80%9E%E1%80%90%E1%80%B9%E1%80%B1%E1%80%94%E1%80%B1%E1%80%9E%E1%80%AC-%E1%80%B1%E1%80%BB/

Bontron, C. (2012, August 7). Rare-earth mining in China comes at a heavy cost for local villages. Retrieved from The Guardian website: https://www.theguardian.com/environment/2012/aug/07/china-rare-earth-village-pollution

Global Witness. (2022, August). Myanmar's poisoned mountains. Retrieved from https://globalwitness.org/en/campaigns/transition-minerals/myanmars-poisoned-mountains/

MEITI-map. (2022, July 15). Retrieved from https://www.meiti-map.org/

RFA Burmese. (၂၀၂၃၊ နိုဝင်ဘာ ၂၃)။ ကချင်မှာ မြေရှားသတ္တုစွန့်ပစ်ရည်ကြောင့် ဒေသခံသုံးရာ နီးပါး အရေပြားရောဂါဖြစ်နေ။ RFA Burmese: https://www.rfa.org/burmese/news/skin-disease-kachin-11232023053742.html

PROMOTING LEADERSHIP AND STRENGTHENING CIVIC PARTICIPATION

IDRC · CRDI
International Development Research Centre
Centre de recherches pour le développement international

Canada

OPEN DEVELOPMENT INITIATIVE
AN EAST-WEST MANAGEMENT INSTITUTE PROJECT